သတ္တမတန်းကျောင်းသားများ၏

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ)

တည်းဖြတ်စုစည်းသည်။



mgyoe.com

mgyoe.com

စာစီစာကုံးတစ်ပုဒ်ကို လက်တွေ့လေ့ကျင့်ဖို့
သူတို့ဘယ်လိုရေးသလဲဆိုတာ လေ့လာနည်းမှီးပြီး
ကိုယ်တိုင် အားထုတ်ရေးကြည့်ရတဲ့
အရသာရယူဖို့ နှင့်
အတန်းအလိုက် အဆင့်မီ
အောင်ပွဲဝင် စာစီစာကုံးနမူနာများ

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

UHT0003
2,000.00 KS

mgyoe.com

mgyoe.com

သတ္တမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၅၆၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၃၁၀၂၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၃၇၃

လှထွန်း၊ ဦး၊ ဆရာ (နာဂသိန်မြန်မာစာ)
သတ္တမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ /
ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ) ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။
စာမျက်နှာ ၃၀၇ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ
(၁)သတ္တမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - စိစဉ်စုစည်းတည်းဖြတ်သူ၏အမှာ | | က |
| ၁။ မောင်ဇော်ဝဏ္ဏမောင်မောင် | (၁) ရိုးရာပွဲတော် တို့နှံ့ပျော် | ၁ |
| အ-ထ-က (၂) ကမာရွတ် | (၂) မိုးရွာသောနေ့တစ်နေ့ | ၅ |
| | (၃) ရိုင်းပင်းကူညီလိုစိတ် | ၈ |
| | (၄) ပျက်အစဉ် ပြင်ခဏ | ၁၃ |
| | (၅) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၇ |
| | (၆) ပညာသည် ဘဝရှေ့ဆောင် | ၂၂ |
| | (၇) နှုတ်ချိုသျှိုတစ်ပါး | ၂၈ |
| | (၈) စည်းလုံးမှုအကျိုး | ၃၂ |
| | (၉) သီတင်းကျွတ် မီးထွန်းပွဲတော် | ၃၅ |
| | (၁၀) ပုဂံ | ၃၈ |
| | (၁၁) ကျွန်ုပ်နှစ်သက်သော အားကစားတစ်ခု | ၄၀ |
| ၂။ ဆုလှိုင်ဝင်း | (၁၂) ဘုရားဖူးခရီးတစ်ခေါက် | ၄၄ |
| အ-ထ-က (၂) ကမာရွတ် | (၁၃) ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင် | ၄၇ |
| | (၁၄) ပညာသည် ဘဝရှေ့ဆောင် | ၅၀ |
| | (၁၅) ကျွန်ုပ်၏ သူငယ်ချင်းတစ်ဦး | ၅၄ |
| ၃။ နန်းအိမွန် | (၁၆) ကိုယ်ကျင့်တရား | ၅၈ |
| T.T.C | (၁၇) ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင် | ၆၃ |
| | (၁၈) အကျန့်ပေပေ | ၆၈ |


mgyoe.com

mgyoe.com



| | | |
|---|---|---|
| | (၁၉) မိုးရွာသောနေ့တစ်နေ့ | ၇၃ |
| | (၂၀) ဘုရားပွဲခရီးတစ်ခေါက် | ၇၆ |
| | (၂၁) လုံ့လ | ၈၁ |
| | (၂၂) နှုတ်ချိုသျှိုတစ်ပါး | ၈၅ |
| | (၂၃) ဈေးမြင်ကွင်း | ၈၉ |
| ၄။ မောင်စံလင်း | (၂၄) လမ်းလျှောက်ခြင်း | ၉၂ |
| အ-ထ-က (၂) ဗဟန်း | (၂၅) ကျေးရွာနှင့်စာကြည့်တိုက် | ၉၅ |
| | (၂၆) ဈေးမြင်ကွင်း | ၉၈ |
| ၅။ ယမင်းနန္ဒာကို | (၂၇) ဘုရားပွဲခရီးတစ်ခေါက် | ၁၀၁ |
| အ-ထ-က (၂) ကမာရွတ် | (၂၈) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၀၄ |
| | (၂၉) ပညာသည် ဘဝရှေ့ဆောင် | ၁၀၇ |
| ၆။ လင်းမိုးလွင် | (၃၀) မိုးရွာသောနေ့တစ်နေ့ | ၁၁၁ |
| T.T.C | (၃၁) လုံ့လ | ၁၁၄ |
| | (၃၂) မိတ်ဆွေစစ် | ၁၁၈ |
| | (၃၃) ဘုရားပွဲခရီးတစ်ခေါက် | ၁၂၃ |
| | (၃၄) ပညာသည် ဘဝရှေ့ဆောင် | ၁၂၇ |
| | (၃၅) နှုတ်ချိုသျှိုတစ်ပါး | ၁၃၁ |
| | (၃၆) ယနေ့ခေတ်သည် ပညာခေတ် | ၁၃၅ |
| ၇။ ဖြူဖွေးသန့် | (၃၇) မိုးရွာသောနေ့တစ်နေ့ | ၁၄၁ |
| | (၃၈) စည်းလုံးခြင်းအကျိုး | ၁၄၃ |
| | (၃၉) ပညာသည် ဘဝရှေ့ဆောင် | ၁၄၇ |
| ၈။ စုမြတ်ကြင် | (၄၀) မိတ်ဆွေစစ် | ၁၅၂ |
| T.T.C | (၄၁) ပညာသည် ဘဝရှေ့ဆောင် | ၁၅၈ |
| | (၄၂) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၆၄ |
| ၉။ မောင်စံလင်း | (၄၃) ဘူတာရုံသို့တစ်ခေါက် | ၁၆၉ |
| အ-ထ-က (၂) ဗဟန်း | (၄၄) စာစီစာကုံးသင်တန်းတက်ခြင်း၏အကျိုး | ၁၇၃ |
| | (၄၅) ရိုးရာပွဲတော် တို့ဆွဲပျော် | ၁၇၆ |
| | (၄၆) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၈၀ |
| | (၄၇) ပညာသည် ဘဝရှေ့ဆောင် | ၁၈၄ |
| | (၄၈) မိတ်ဆွေစစ် | ၁၈၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| | (၄၉) ကျွန်ုပ်နစ်သက်သော အားကစားတစ်ခု | ၁၉၃ |
| ၁၀။ မဟာန်သိမ့်သိမ့်ထူး | (၅၀) ကျွန်ုပ်အိမ်တွင် အလှူပြုစဉ်က | ၁၉၇ |
| အ-ထ-က (၂) ကမာရွတ် | | |
| ၁၁။ မင်းဟိန်းသန့် | (၅၁) ဈေးမြင်ကွင်း | ၂၀၁ |
| အ-ထ-က (၆) အလုံ | (၅၂) လမ်းလျှောက်ခြင်း | ၂၀၃ |
| | (၅၃) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၂၀၅ |
| | (၅၄) ဘုတ်တာရုံသို့တစ်ခေါက် | ၂၀၉ |
| ၁၂။ ဖြိုးရတနာသွယ် | (၅၅) ပညာသည် ဘဝရှေ့ဆောင် | ၂၁၂ |
| | (၅၆) ဘုရားဖူးခရီးတစ်ခေါက် | ၂၁၆ |
| | (၅၇) ရိုးရာပွဲတော် တို့နွဲပျော် | ၂၂၂ |
| ၁၃။ ယမုံအေး | (၅၈) ကျွန်ုပ်ချစ်သောကလေးငယ်တစ်ဦး | ၂၂၆ |
| | (၅၉) ရည်မှန်းချက် | ၂၂၉ |
| ၁၄။ ယမင်းသူဇာထွန်း | (၆၀) ပညာသည် ဘဝရှေ့ဆောင် | ၂၃၂ |
| T.T.C | | |
| ၁၅။ ပိုးသဉ္ဇာထက် | (၆၁) တာသကြိန်ပွဲ | ၂၃၆ |
| အ-ထ-က (၂) လသာ | (၆၂) ဘုရားဖူးခရီးတစ်ခေါက် | ၂၄၃ |
| | (၆၃) လှူငယ်နှင့်စည်းကမ်း | ၂၄၇ |
| | (၆၄) ဈေးမြင်ကွင်း | ၂၅၁ |
| | (၆၅) အကျွန့်မေမေ | ၂၅၅ |
| ၁၆။ သဲနုအောင် | (၆၆) ကျွန်ုပ်ချစ်သော ကလေးငယ်တစ်ဦး | ၂၆၁ |
| အ-ထ-က (၂)စမ်းချောင်း | (၆၇) ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ် | ၂၆၄ |
| | (၆၈) ပညာသည် ဘဝရှေ့ဆောင် | ၂၆၈ |
| | (၆၉) ရည်မှန်းချက် | ၁၇၂ |
| | (၇၀) လုံ့လ | ၁၇၅ |
| | (၇၁) ဆရာ့ကျေးဇူး | ၁၇၈ |
| | (၇၂) စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၈၂ |
| ၁၇။ ရွှေရည်ဝင်းလှဲ့ | (၇၃) နေထွက်ချိန် | ၁၈၆ |
| | (၇၄) ကျွန်ုပ်နစ်သက်သော သီချင်းတစ်ပုဒ် | ၁၈၉ |
| | (၇၅) နှုတ်ချိုသျှိုတစ်ပါး | ၁၉၃ |
| ၁၈။ သိမ့်သူသူဝင်း | (၇၆) ပညာသည် ဘဝရှေ့ဆောင် | ၁၉၇ |


mgyoe.com

mgyoe.com

(၇၇) စိတ်ဝင်စားစွယ် ခရီးတစ်ခေါက် ၂၀၁
(၇၈) ကျွန်ုပ်နှစ်သက်သော သီချင်းတစ်ပုဒ် ၂၀၅

mgyoe.com

mgyoe.com

# ကျောင်းသူကျောင်းသားများ
# စာစီစာကုံးကို ဖတ်ရှုလေ့လာနည်းယူနည်း
# အမှာစာ

(၁) – စာစီစာကုံးကို ရေးနည်းအရ (၄)မျိုးခွဲခြားထားပါသည်။ ယင်းတို့မှာ– ၁–သရုပ်ဖော်ရေးနည်း စာစီစာကုံး၊ ၂–ဖြစ်စဉ်ပြ စာစီစာကုံး၊ ၃–ဖွင့်ဆိုရှင်းပြ စာစီစာကုံး၊ ၄–ကျိုးကြောင်းပြ စာစီစာကုံးတို့ဖြစ်ပါသည်။

(၂) – ရေးနည်းအရ စာစီစာကုံး အမျိုးအစား (၄)မျိုးကွဲပြားနေသည်နှင့်အမျှ စာစီ စာကုံးရေးနည်း သဘောတစ်ခုနှင့်တစ်ခု မတူကြပါ။ ယင်းသို့ စာစီစာကုံး အမျိုးအစားအလိုက် ရေးနည်းကွဲပြားသောသဘောကို ခွဲခြားသိမြင်ရန် လိုအပ် ပါသည်။ ဤသို့ခွဲခြားသိမြင်နိုင်ရန်အတွက် ရေးနည်းအလိုက် ဖတ်ရှုလေ့လာ နည်းယူနည်း များကို ဖော်ပြသွားပါမည်။

(၃) – သရုပ်ဖော်ရေးနည်းကို လေ့လာသောရှုထောင့် –

သရုပ်ဖော်ရေးနည်းဟူသည် အရာဝတ္ထုတို့၏ ပုံပန်းသဏ္ဌာန်၊ အရောင် အဆင်း အသံရှိသည်တို့ကို စာဖတ်သူ၏စိတ်မျက်စိတွင် မြင်ယောင်လာအောင် စိတ် နားတွင် ကြားယောင်လာအောင် အသေးစိတ်သရုပ်ဖော် ရေးသားရသောနည်း ဖြစ် သည်။ အဆင်း၊ အသံသာမက အနံ့၊ အရသာ၊ အထိအတွေ့တို့ကိုလည်း စာဖတ်သူ အနံ့ရလာအောင်၊ အရသာရှိလာအောင် အထိအတွေ့ အကြမ်းအနုကို ခံစားရလာ အောင် သရုပ်ဖော်ရေးဖွဲ့နိုင်ပါသည်။

mgyoe.com

mgyoe.com


ကျောင်းသူကျောင်းသားတို့ ရေးသားထားသော သရုပ်ဖော်စာစီစာကုံးများကို ဖတ်ရှုလေ့လာရာတွင် သရုပ်ဖော်ပုံဖော်နည်းတွင် (၁) နာမ်ကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော နာမဝိသေသနအသုံး၊ (၂) ကြိယာကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော ကြိယာအသုံး၊ (၃) သရုပ်ဖော်သည့် အကြောင်းအရာနှင့် လိုက်ဖက်သော တန်ဆာဆင်၍ ရေးဖွဲ့ခြင်းဟူသည့် အလင်္ကာအသုံး၊ (၄) သရုပ်ဖော်သည့် အကြောင်း အရာနှင့် ပတ်သက်၍ စာရေးသူ၏ထင်မြင်ချက်၊ ဝေဖန်ချက်၊ ခံစားချက် စသည့် အသုံးအနှုန်းတို့ကို ဖော်ထုတ်ကြည့်ရပါမည်။ ဤသို့ ပိုင်းခြားလေ့လာကြည့်လျှင် သရုပ်ဖော်ပုံနည်းနှင့် ပတ်သက်သော လိုက်ဖက်သည့် အရေးအသားရေးပုံရေးနည်းကို သိမြင်နိုင်ပါသည်။

(၄) – ဖြစ်စဉ်ပြရေးနည်းကို လေ့လာသောရှုထောင့်

ဖြစ်စဉ်ပြရေးနည်းဟူသည် အကြောင်းအရာ အဖြစ်အပျက်တစ်ခုခု (သို့မဟုတ်)ဇာတ်လမ်းတခုခုကို အဖြစ်အပျက် တိုးတက်ဖြစ်ထွန်းမှု အစဉ်အတိုင်း (ဝါ)အချိန်ကာလစဉ်အတိုင်း အစဉ်အပျက် ကွင်းဆက်မိအောင် ရေးသားရသောနည်းဖြစ်သည်။

အဖြစ်အပျက်ဆိုရာ၌ နာရီပိုင်းအတွင်း ဖြစ်ပျက်သော အဖြစ်အပျက်၊ တစ်နေ့တာအဖြစ်အပျက်၊ တစ်လတာအဖြစ်အပျက်၊ တစ်နှစ်တာအဖြစ်အပျက်၊ တစ်ဘဝတာအဖြစ်အပျက် စသည်ဖြင့် အချိန်ကာလ အတိုအရှည် အမျိုးမျိုးကွဲပြားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအဖြစ်အပျက်ကို အစမှအဆုံးတိုင် အချိတ်အဆက် မိမိရေးသားဖော်ပြနိုင်လျှင် ဖြစ်စဉ်ပြစာစီစာကုံးတစ်ပုဒ် ပြီးမြောက်မည်ဖြစ်ပါသည်။

ဖြစ်စဉ်ပြစာစီစာကုံးသည် သရုပ်ဖော်စာစီကုံးကဲ့သို့ သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်ကို ရေးဖွဲ့ရသည်ပင်ဖြစ်သည်။ သို့သော် ၎င်းတို့ကို မြင်ယောင်လာအောင် ဖော်ပြရန်ထက် ၎င်းတို့ဖြစ်ပျက် ရွေ့လျားနေပုံကို ဖော်ပြရန်ကပို၍ အဓိကကျသည်။

ဖြစ်စဉ်ပြစာစီစာကုံးကို လေ့လာရာတွင် (၁)ရုပ်အမူအရာတို့၏ ရွေ့လျားပြောင်းလဲမှု၏ အစဉ်ကိုသိသာအောင် မရေးနိုင်မရေးနိုင်၊ (၂) ဖြစ်စဉ်ပြရေးနည်းတွင် ကာလစဉ်ကျမှုနှင့် ယုတ္တိတန်မှုသည် အရေးပါလှသည်။ ကာလစဉ်ကျမှု ဆိုသည်မှာ ဖြစ်ပျက်သော အချိန်ကာလတို့သည် အစီအစဉ်ကျကျ ရှိမရှိ။ ယုတ္တိတန်မှု ဆိုသည်မှာ မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည်ဖြစ်စေ ထိုအဖြစ်အပျက်

mgyoe.com

mgyoe.com


တို့သည် တစ်ခုနှင့်တစ်ခု ကျိုးကြောင်းဆက်စပ်မှုရှိမရှိ၊ (၃) ကာလစဉ် စည်းရုံးမှုဆိုသည်မှာ အဖြစ်အပျက်တို့သည် မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည် ဖြစ်စေ ထိုအဖြစ်အပျက်တို့သည် နောက်ဆုံးကာလ၌ ဆုံစည်းမိခြင်းရှိမရှိဟူသော ပေတံတို့ဖြင့် တိုင်းတာ လေ့လာနည်းယူရပါမည်။

(၅) – ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာသောရှုထောင့်

ဖွင့်ဆိုရှင်းပြ စာစီစာကုံးဟူသည် အကြောင်းအရာတစ်ရပ်ရပ်ကို စာဖတ်သူတို့နားလည်သိရှိအောင် (သို့မဟုတ်) လိုက်နာဆောင်ရွက်တတ်အောင် အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်း ရေးသားရသော နည်းဖြစ်သည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာရာတွင် (၁) နိဒါန်းစာပိုဒ်သည် စာစီစာကုံးခေါင်းစဉ်ကို အကျဉ်းချုပ် ရှင်းလင်းဖွင့်ဆိုခြင်း ရှိမရှိ၊ (၂) ခေါင်းစဉ် အကြောင်း လမ်းခင်းမိတ်ဆက်ပေးသော သဘောရှိမရှိ၊ (၃) စာဖတ်သူက နိဒါန်းဖတ်လိုက်ရုံနှင့် စိတ်ဝင်စားပြီး ဆက်ဖက်ချင်အောင် ရေးနိုင်စွမ်းရှိမရှိ–ကြည့်ရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး စာကိုယ်ပိုင်းကို လေ့လာရာတွင် (၁) ခေါင်းစဉ်နှင့် ပတ်သက်၍ အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းခြင်း၊ (၂) ခေါင်းစဉ်နှင့် ပတ်သက်၍ တူရာတူရာကို နှိုင်းယှဉ်ပြခြင်း၊ မတူရာ မတူရာကို ဆန့်ကျင်နှိုင်းယှဉ်ပြနိုင်ခြင်းရှိမရှိ၊ (၃) ခေါင်းစဉ်နှင့်ပတ်သက်၍ သာဓကများဆောင်ပြနိုင်ခြင်း ရှိမရှိ၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်၍ အမျိုးအစားခွဲခြား ဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၅) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တို့ကို ကိုးကားဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၆) ခေါင်းစဉ်နှင့်ပတ်သက်၍ ကိုယ်တွေ့အတွေ့အကြုံများ ထည့်သွင်းရေးသားနိုင်ခြင်းရှိမရှိဟူသော ရှုထောင့်တို့ဖြင့် လေ့လာကြည့်ရှုရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး နိဂုံးချုပ်ရာတွင် (၁)နိဒါန်းတွင် ဖွင့်ခဲ့သော ဝါကျဖြင့် ထိုဝါကျကို နိဂုံးတွင် ပြန်လည်ဖော်ပြနိဂုံးချုပ်ခြင်း၊ (၂)ခေါင်းစဉ်နှင့် ပတ်သက်သော ကဗျာလေးတစ်ပုဒ်၊ သီချင်းကလေးတစ်ပုဒ်ဖြင့် နိဂုံးချုပ်ခြင်း၊ (၃) စာကိုယ်တွင် ဖော်ပြ ခဲ့သော အချက်များကို အကျဉ်းချုပ် ပြန်လည်စုစည်းဖော်ပြ၍ နိဂုံးချုပ်ခြင်း၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တစ်ခုခုကို ကိုးကားဖော်ပြ၍ နိဂုံးချုပ်ခြင်း၊(၅)ခေါင်းစဉ်နှင့်ပတ်သက်၍ မိမိ၏ထင်မြင်ချက်၊ ခံစားချက်၊ သင်ခန်းစာတိုက်တွန်းချက်တစ်ခုခုကို ဖော်ပြ၍ နိဂုံးချုပ်ခြင်းတို့နှင့် ကိုက်ညီခြင်းရှိမရှိ လေ့လာရပါမည်။

mgyoe.com

mgyoe.com

(၆) – ကျိုးကြောင်းပြ စာစီစာကုံး ရေးနည်းကို လေ့လာသောရှုထောင့်။

ကျိုးကြောင်းပြစာစီစာကုံး ဟူသည့်အကြောင်းအရာ တစ်ရပ်ရပ် (သို့မဟုတ်) အဆိုတစ်ခုခုကို စာဖတ်သူတို့ နားဝင်လက်ခံအောင် ဤအကြောင်းကြောင့် ဤသို့ အကျိုးဖြစ်ရသည်ဟု အကြောင်းအကျိုးဆက်စပ်၍ ဆွဲဆောင်ရေးသားရသောနည်း ဖြစ်သည်။

ကျိုးကြောင်းပြသည် ဖွင့်ဆိုရှင်းပြထက် တစ်ဆင့်တက်သည့် သဘောရှိသည်။ ဖွင့်ဆိုရှင်းပြတွင် စာဖတ်သူ သဘောပေါက်နားလည်သွားအောင် ရှင်းလင်းဖွင့်ဆိုသည့် အဆင့်မှာ ရပ်သည်။ ကျိုးကြောင်းပြတွင်မူ သဘောပေါက်နားလည်ရုံသာမက ယုံကြည်လက်ခံဖွယ်ဖြစ်အောင် အကျိုးအကြောင်း ဆက်စပ်ပြရသောသဘောရှိသည်။ စာဖတ်သူ ယုံကြည်လက်ခံနိုင်စေရန်အတွက် အကျိုးအကြောင်းသင့်မှု၊ ယုတ္တိတန်မှုရှိရန် အရေးကြီးသည်။

ကျိုးကြောင်းပြရာတွင် (၁) သီးခြားသဘောနှင့် ဆိုင်သောအချက်အလက်တို့ကို အသေးစိတ်စိစစ်၍ ယေဘုယျသဘောကို ခြုံ၍စီစဉ်ကာ ကျိုးကြောင်းပြခြင်း၊ (၂) ယေဘုယျသဘောကိုအခြေခံ၍ သီးခြားပုဂ္ဂလိကသဘော ဖြစ်ခြေကို ဆင်ခြင်၍ ကျိုးကြောင်းပြခြင်း၊ (၃) အမျိုးကွဲသောအရာနှစ်ခုမှ ဆင်တူသောအချက် အချင်းချင်းကို နှိုင်းယှဉ်ပြ၍ အကျိုးသင့်အကြောင်းသင့် တင်ပြပြီး မိမိလိုရာသို့ပါအောင် ဆွဲဆောင်ရေးသားခြင်း၊ (၄) ခိုင်လုံသောအကျိုးအကြောင်း အထောက်အထား၊ သာဓကများပြ၍ အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း၊ (၅) အကြောင်းဆိုသောအကြောင်းတရားကြောင့် ထိုသို့သောအကျိုးတရားများ ဖြစ်ပေါ်လာရသည် ဟု စာဖတ်သူလက်ခံရလောက်အောင် အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း ဟူသောသဘောတို့ဖြင့် လေ့လာစိစစ်ရာသည်။

ဤသို့လျှင် စာစီစာကုံး အမျိုးအစားအလိုက် အခြေခံရမည့် ဖတ်ရှုလေ့လာနည်းယူနည်းကို အသုံးပြုတတ်လျှင် အမောင်ကျောင်းသားကျောင်းသူတို့ ကိုယ်တိုင် စာစီစာကုံးအရေးအသား တိုးတက်လာမည် ဖြစ်ပါသည်။

**စာစီစာကုံးအရေးအသား တိုးတက်ထွန်းကားပါစေ။**

**ဆရာဦးလှထွန်း (နာဂသိန် မြန်မာစာ)**

**တွဲဖက်ပါမောက္ခ (ငြိမ်း)**

❑

mgyoe.com

mgyoe.com

## ရိုးရာပွဲတော်တို့နွဲပျော်

- မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲတော်များ ကျင်းပလေ့ရှိပုံ
- တန်ခူးလအခါတွင် သင်္ကြန်ပွဲကျင်းပလေ့ရှိပုံ
- သင်္ကြန်ဟူသော စကားအဓိပ္ပာယ်
- ရာသီနက္ခတ်နှင့် ရာသီပန်းများ ဖူးပွင့်လေ့ရှိပုံ
- ရေပက်ဖျန်းကစားကြပုံ
- အတာသင်္ကြန်နှင့် ပိတောက်
- ဘာသာရေးပွဲတော်ဟု ခေါ်ဆိုနိုင်ပုံ
- မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သင့်ပုံ

mgyoe.com

mgyoe.com


# ရိုးရာပွဲတော် တို့နွဲပျော်

မောင်ဇော်ဝဏ္ဏမောင်မောင်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လပေါင်းဆယ့်နှစ်လရှိသည်။ ရှေးမြန်မာမင်းလက်ထက်ကပင် ပွဲတော်များ လစဉ်လတိုင်း ကျင်းပခဲ့ကြသည်။ မိမိတို့၏ ဓလေ့ရိုးရာပွဲတော်များကို မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့ကြသည်။ မြန်မာ့ရိုးရာပွဲတော်တို့တွင် ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ ဘာသာရေးနှင့်ဆိုင်သော ပွဲတော်များ၊ စစ်ရေးနှင့်ဆိုင်သောပွဲတော်များ စသည့်ဖြင့် ပါဝင်သည်။ ရိုးရာ ယဉ်ကျေးပွဲတော်များအနက် ကျွန်ုပ်အနှစ်သက်ဆုံး ရိုးရာယဉ်ကျေးမှု ပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။

သင်္ကြန်ပွဲတော်သည် ဆယ့်နှစ်ရာသီပွဲတော်များအနက် တန်ခူးလ၏ ပွဲတော်ဖြစ်သည်။ 'သင်္ကြန်' ဟူသော စကားသည် သင်္ကန္တဟူသော ပါဠိစကားမှ ကူးပြောင်းလာခြင်းဟု အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကိုကြိုဆိုသောအားဖြင့် ကျင်းပသောပွဲတော် ဖြစ်သည်။

သင်္ကြန်ပွဲတော်ဟု ခေါ်ဆိုရခြင်းမှာ ရေပက်ကစားခြင်း တစ်မျိုးတည်းသာ မဟုတ်ပေ။ ဘေးမဲ့လွှတ်ပွဲများ၊ စတုဒိသာကျွေးပွဲများ စသည်ဖြင့် ကုသိုလ်ရေးပွဲတော် များကိုလည်း ကျင်းပလေ့ရှိသည်။ သင်္ကြန်ပွဲတော်များကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့၊ နှစ်ဆန်းတစ်ရက်နေ့ဟူ၍ ငါးရက်ကျင်းပပေးသည်။ အချို့သောနေ့များတွင် အကြတ်နေ့ကို နှစ်ရက်ထား၍ ခြောက်ရက်ကျင်းပပေးသည်။ သို့ဖြစ်ရာ သင်္ကြန်ပွဲတော်သည် ရိုးရာပွဲတော်များအနက် အကြာဆုံးကျင်းပပေးသော ပွဲတော်ကြီးဖြစ်သည်။

သင်္ကြန်ပွဲတော်ကို လူတိုင်းက တောင့်တကြသည်။ သင်္ကြန်ပွဲတော် ကျင်းပ

mgyoe.com

mgyoe.com


မည့်ရက်ကို စောင့်မျှော်ကြသည်။ ထိုသို့ တောင့်တခြင်းမှာ ရည်ရွယ်ချက်အမျိုးမျိုး ရှိသည်။ အချို့က သင်္ကြန်ရေသဘင်ပွဲတော်ကို ဆင်နွှဲလို၍ တောင့်တခြင်းဖြစ်သည်။ အချို့က ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်လို၍ တောင့်တကြခြင်းဖြစ်သည်။ အချို့က ကုသိုလ်ရေးများပြုလုပ်ရန် စောင့်မျှော်ကြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သူတို့၏တောင့်တမှုများ၏ တစ်ခုတည်းသော ဦးတည်ချက်မှာ နှစ်သစ်ကို ကြိုဆို ခြင်း ဖြစ်သည်။

ပွဲတော်ကျင်းပချိန်ဖြစ်သော တန်ခူးလ မိဿရာသီသည် နွေရာသီတွင် ပါဝင်သည်။ ထို့ကြောင့် လူသားအပေါင်းတို့သည် ပူပြင်းမှုဒဏ်ကို ပြင်းထန်စွာ ခံစားကြရသည်။ ထို့ကြောင့် လူသားအပေါင်းတို့ မျှော်လင့်စောင့်စားနေကြသော သင်္ကြန်ပွဲတော်သည် ရာသီဥတုနှင့် သင့်တင့်လျောက်ပတ်လှသည်။

ရေသဘင်ပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးမျိုးရှိသည်။ ရေသည် အေးမြကြည်လင်သည်။ ထို့အတူ ရေဖြင့်ပက်ဖျန်းခံရသူတို့၏ စိတ်နှလုံး သည်လည်း အေးမြကြည်လင်စေရန် ရည်ရွယ်သည်။ ရေသည် အပူမီးကို ငြိမ်း စေနိုင်သည်။ ရေကစားသူတို့၏ ရင်ထဲရှိသောလောဘမီး၊ ဒေါသမီး စသည့် ဒုက္ခများ ငြိမ်းအေးစေရန် ရည်ရွယ်သည်။ ရေသည် အညစ်အကြေးကို သန့်စင်စေ သည်။ ရေသဘင်ပွဲ ဆင်နွှဲသူတို့သည် နှစ်ဟောင်းက ပြုခဲ့သော မကောင်းမှုအညစ် အကြေးများကို ရေဖြင့်သန့်စင်ပြီး နှစ်သစ်ကို ဖြူစင်စွာနှင့် ကြိုဆိုရန် ရည်ရွယ်သည်။ ထိုသို့ မွန်မြတ်သော ရည်ရွယ်ချက်များ ထားရှိခြင်းကြောင့် သင်္ကြန်ပွဲတော်ကို နှစ်သက်ပါသည်။

သင်္ကြန်အကြိုနေ့တွင် မဏ္ဍပ်များကို စတင်ဖွင့်လှစ်၍ ရေသဘင်ပွဲကို ဆင်နွှဲ ကြသည်။ သင်္ကြန်မကျမီကတည်းက ဝယ်ယူထားသော ပြွတ်တံ၊ ရေခွက်တို့ဖြင့် လမ်းသွားလမ်းလာများကို ပက်ဖျန်းရသည်မှာ ပျော်စရာကောင်းလှသည်။ မိမိပက် လိုက်သော ရေးအေးအေးကြောင့် ရေပက်ခံရသူ၏ အပူမီးများ ငြိမ်းအေးသွားသည် ကိုတွေ့ရင်း ကြည်နူးပီတိဖြစ်ရသည်။ သို့ဖြစ်၍ ပျော်စရာကောင်းလှသော သင်္ကြန်ရေ သဘင်ပွဲတော်ကို ကျွန်တော်မနှစ်သက်ဘဲ မနေနိုင်ပါ။

သင်္ကြန်ပွဲတော်တွင် ရေကစားခြင်းကိုသာမက အလှူဒါနပြုပွဲများကိုလည်း တစ်နိုင်ငံလုံးတွင် အနှံ့အပြားကျင်းပကြသည်။ ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အလှူဒါနပြုရာ၌ အလွန်ရက်ရောသော လူမျိုးဖြစ်သည်။ သင်္ကြန်ရက်များအတွင်း ကြာဆံဟင်းခါး၊ ရွှေရင်အေး စသည်တို့ဖြင့် စတုဒိသာ ကျွေးပွဲများကို ပြုလုပ်ကြ သည်။ မည်သူမဆို လာရောက်စားသောက်နိုင်သော စတုဒိသာမဏ္ဍပ်များသည်

mgyoe.com

mgyoe.com


မြန်မာလူမျိုး၏ စေတနာသဒ္ဓါတရား ထက်သန်မှုကို ဖော်ပြနေသည်။

ပျော်ပျော်နေတတ်သော မြန်မာတို့၏ အကျင့်အတိုင်း စတုဒိသာကျွေးမွေးသော မုန့်လုံးရေပေါ်များတွင် ငရုပ်သီးစိမ်းထည့်၍လည်းကောင်း၊ မည်သည့်မျှမထည့်ဘဲ မုန့်လုံးအတိုင်းလည်းကောင်း၊ စတုဒိသာ လာရောက်စားသောက်သူများကို ကျီ စယ်ကြသည်။ ငရုတ်သီးစိမ်းမိသူတို့သည် အပြုံးမပျက်ဘဲ သတိထား၍ဆက်လက်စားသည်။ ဤသို့ဖြင့် သင်္ကြန်ပွဲတော်သည် ဒါနကုသိုလ်ပြုသည့်ပွဲတော်လည်း ဖြစ်သည်။ သင်္ကြန်တွင် ရွှေဝါရောင်ပိတောက်ပန်းများပွင့်သည်။

ထို့ပြင် ဘုရားကျောင်းကန်များ၌ ဥပုသ်ဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းများပြုကာ နှစ်သစ်ကို သီလဖြင့် ကြိုဆိုသူများလည်း ရှိသည်။ ဤသို့ဖြင့် ဘုရား၊ ဘုန်းကြီးကျောင်းတို့တွင် သူတော်စင်များသည် တံမြက်လှည်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ ပြုကြသည်။

သင်္ကြန်ပွဲတော်၏ နှစ်သက်ကြည်နူးဖွယ်ရာ အချက်တစ်ချက်ကား သက်ကြီးရွယ်အိုပွဲပင်ဖြစ်သည်။ လူငယ်လူရွယ်ကလေးများသည် သင်္ကြန်ပွဲတော်ရက်များအတွင်း သက်ကြီးရွယ်အိုများအား လက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ရေချိုးပေးခြင်းတို့ဖြင့် ကုသိုလ်ယူသည်။ ထို့ပြင် သက်ကြီးရွယ်အိုတို့အား လူငယ်များက ရိုသေစွာကန်တော့သော မြင်ကွင်းမှာ မြန်မာ့ယဉ်ကျေးမှုကို ထင်ဟပ်စေသည်။ သို့ဖြစ်၍ ခါသင်္ကြန်ပွဲတော်သည် ဒါနတဝေဝေ၊ ရေတွေက တရွှဲရွှဲနှင့် ပျော်စရာလည်းကောင်း ကုသိုလ်ကောင်းမှုများလည်း ပြုနိုင်သော ပွဲတော်ဖြစ်သဖြင့် သင်္ကြန်ပွဲတော်သည် လူသားတိုင်းက တောင့်တသောပွဲဖြစ်သည်။

ထို့ပြင် မြန်မာလူမျိုးတို့သည် လူသားအချင်းချင်း အပေါ်တွင်သာ ကူညီသော လူမျိုးမဟုတ်၊ တိရစ္ဆာန်များအပေါ်တွင်လည်း သနားကြင်နာတတ်သော လူမျိုး ဖြစ်သည်ကို သင်္ကြန်ပွဲတော်တွင် သိရှိနိုင်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် သားငါးတိရစ္ဆာန်တို့ ဘေးမဲ့လွှတ်သည်မှာ သင်္ကြန်ပွဲတော်၏ အလှတစ်ပါး ဖြစ်သည်။

သို့ဖြစ်ရာ သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာပွဲတော်များအနက် ပျော်လည်းပျော်၊ ကုသိုလ်လည်းရသည့် ပွဲတော်ဖြစ်သည်။ သင်္ကြန်ပွဲတော်တွင် မြန်မာတို့၏ ချစ်စရာ စိတ်ထားစေတနာနှင့် ဒါနအလှတို့ဖြင့် ပြည့်လျှမ်းနေသဖြင့်လည်း သင်္ကြန်ပွဲတော်သည် ကျွန်တော်အပါအဝင် မြန်မာပြည်သားတိုင်းက လိုလား တောင့်တသော ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုပင်ဖြစ်သည်။ ။

mgyoe.com

mgyee.com


# မိုးရွာသောနေ့တစ်နေ့

မောင်ဇော်ဝဏ္ဏမောင်မောင်

နွေ၊ မိုး၊ ဆောင်းဟူသော ဥတုသုံးလီ ရာသီစက်ဝန်း လှည့်လည်နေရာတွင် အလှည့်ကျရာ မိုးရာသီသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ခါနွေဆန်းစကာလသည် လွမ်းမေ့ဖွယ်ကောင်းလှသည်။ အနောက်တောင် မုတ်သုံလေ ခပ်ကြမ်းကြမ်းတိုက်ခတ်ကာ မိုးပုလဲပန်းတို့ ညိုမည်းနေသော ကောင်းကင်ကြီးဆီမှ မြေကြီးပေါ်သို့ ကြွေကျမြေခသော မိုးရာသီသည် လွမ်းမောဖွယ်ကောင်းလှသည်။ မြူနှင်း၊ မြူခိုး၊ နှင်းဆိုင်များဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အုပ်ဆိုင်းနေတတ်သော ဆောင်းရာသီသည်လည်း လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းလှသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီအနက် မိုးရာသီသည် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် အရေးပါသကဲ့သို့ အလှအပများစုဝေးရာ ရာသီဖြစ်သည်။

မိုးရာသီသည် မြန်မာနိုင်ငံ၏ ရာသီဥတု သုံးမျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်စသည့် လေးလကာလပတ်ကို မိုးရာသီဟု ကာလပိုင်းခြား သတ်မှတ်ထားသည်။ ပူပြင်းခြောက်သွေ့သောနွေရာသီတွင် နေအပူရှိန်ကြောင့် မြစ်၊ ချောင်း၊ အင်းအိုင်များ အငွေ့ပျံကာ အထက်ကောင်းကင်သို့တက်၍ အေးခဲပြီး ၊မိုးတိမ်များ ဖြစ်လာသည်။ မိုးရာသီတွင် အနောက်တောင်မုတ်သုံလေက ထိုမိုးတိမ်များကို မိုးအဖြစ် ရွာသွန်းစေသည်။

မိုးကောင်းကင်ကြီးသည် ညိုမွဲနေပြီး လျှပ်ဝန်းလျှပ်နွယ်များသည် ဝင်းခနဲလက်ခနဲ လက်နေသည်။ မိုးချုန်းသံကလည်း ဂျုန်းခနဲ၊ အုန်းခနဲနှင့် ကြောက်မက်ဖွယ်ရာဖြစ်နေသည်။ အချိန်တိုင်းတွင် မိုးရွာတော့မလားဟုပင် ထင်မှတ်မှားဖွယ်

mgyee.com

mgyoe.com


ဖြစ်သည်။ သို့သော် မိုးက ပရိယာယ်များသည်။ ပရိယာယ်တစ်ထောင်၊ အယောင်အဆောင် တစ်သောင်း၊ အပြောင်းမှာ တစ်သန်း၊ အဆန်းမှာ တစ်ကုဋေဟုပင် ဆိုရလောက်သည်။ ရွာမယောင်နှင့် မရွာချေ။ တစ်ခါတစ်ရံတွင်လည်း မထင်မှတ်ဘဲ ဖြုန်းခနဲ ရွာတတ်သည်။ မိုးနှင့်သရက်၊ အိုးနှင့်ကြွက်ကား သိရခက်လှသည်ဟု စကားရှိခဲ့သည်။

ထိုသို့မှိုင်းနေသော မိုးတိမ်များကြားမှ မိုးစက်မိုးပေါက်ကလေးများသည် စတင်သက်ဆင်း ကြွေကျမြေခလာလေသည်။ မိုးစက်မိုးပေါက်များသည် မြစ်၊ ချောင်း အင်းအိုင်၊ ပင်လယ်များထဲသို့ပင် တဖောက်ဖောက်ကျအောင် ရွာသွန်းနေသည်။ တံငါသည်များသည် ၎င်းတို့၏ ငါးဖမ်းလုပ်ငန်းကို စတင်လုပ်နေကြသည်။ ပိုက်ကွန်ပစ်သူကပစ်၊ မြှုံးထောင်သူကထောင်နှင့် အလုပ်ရှုပ်နေကြသည်။

မိုးကောင်းကင်ကြီးကို မိုးစက်မိုးပေါက်များကြားမှ မော့ကြည့်လိုက်လျှင် ညိုမွဲနေရာမှ အနည်းငယ်ပြာလာသည်ကို တွေ့ရသည်။ လျှပ်ပန်းလျှပ်နွယ်များသည်လည်း ဝင်းခနဲ ဝင်းခနဲ တောက်ပနေသည်။ မိုးချုန်းသံများကလည်း အသူရိန်နေမင်းနှင့် သိကြားမင်းတို့ စစ်ဖြစ်နေကြသည့်အလား ဝုန်းခနဲ၊ ဂျုန်းခနဲနှင့် ကြောက်မက်ဖွယ်ရာ မြည်ဟီးနေသည်။ အနောက်တောင်မုတ်သုံလေကလည်း အေးခနဲအေးခနဲ တိုက်ခတ်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း ဆိုင်းဆို့မှိုင်းညို့နေသည်။ မြစ်ချောင်း အင်းအိုင်များသည် ရေပြည့်နေသည်။ မြက်ခင်းပြင်ကြီးသည်လည်း မိုးရေနှင့်ထိတွေ့ပြီး မြစိမ်းရောင်ကော်ဇောကြီး ခင်းထားသည့်အလား စိမ်းစိမ်းစိုစိုနှင့် တောက်ပနေသည်။ လယ်ကွင်းများထဲမှ စပါးများ၊ ကောက်ပင်များ၊ ကိုင်းပင်များနှင့် သစ်ပင်များ၏ ရွက်သစ်ရွက်နု အသစ်အဦးကလေးများသည် အနောက်တောင် မုန်သုံလေ တိုက်ခတ်ရာဘက်သို့ ဟိုဘက်ဒီဘက် ယိမ်းနွဲ့ဟန်ချီ၍ ကနေကြသည်။ လယ်ကွင်း မြေကွင်းများသည် ကျယ်ကျယ်ဝန်းဝန်း စိမ်းစိမ်းစိုစိုနှင့် ရှိနေချေရာ သိကြားမင်း ကိုယ်တိုင်ပင်ဆင်း၍ ဖန်တီးထားသကဲ့သို့ လှပနေသည်။

မြစ်ချောင်းအင်းအိုင်များအနက်မှ မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ဖြစ်သော ဧရာဝတီမြစ်ကြီး၏ ရေများသည် မြသားရောင်ကဲ့သို့ စိမ်းစိမ်းစိုစိုနှင့် လှလှပပရှိနေသည်။ ဧရာဝတီမြစ်ကြီး၏ လမ်းကြောအတွင်းတွင် လှိုင်းများသည် ဖြူခနဲဖွေးခနဲ နှင့် ရိုက်ခတ်နေရာ လှိုင်းများ ရိုက်ခတ်လိုက်တိုင်း အမှိုက်သရိုက်များနှင့် ဒိုက်များသည် အပုံလိုက်မျောပါသွားကြသည်။ မြစ်ချောင်းကမ်းစပ်တွင် ကျူများနှင့် ဝါးပင်များသည် အရုံလိုက် ပေါက်ရောက်ရှင်သန်နေကြသည်။ ဒိုက်ပုံများပေါ်တွင် မိုလုံ

mgyoe.com

mgyoe.com


ငှက်နှင့် ဝံပိုငှက်တို့သည် ခိုနားရင်းနှင့် ဧရာဝတီမြစ်ကြောတစ်လျှောက် မျှောနေကြသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။

မိုးများရွာချလိုက်သောအခါ ချောင်းရေ၊ မြစ်ရေများ ပြည့်လျှံလာသည်။ သစ်လုပ်သားကြီးများကလည်း သစ်မျှောရန် ဖောင်ဖွဲ့နေကြသည်။ မကြာမီပင် မြစ်ရိုးတစ်လျှောက် မြန်မာ့ကျွန်းသစ်ဖောင်ကြီးများ ရေမျောလာကြသည်။ မိုးပုလဲပန်းတို့ ရွာသွန်းချသည်နှင့် ပျိုးကျဲကြသည်။ မကြာမီ ပြည်မြန်မာ၏ လယ်ကွင်းအသီးသီးတွင် ကောက်ပင်ပျိုးပင်များနှင့် စိမ်းလန်းဝေဆာလာတော့သည်။ ဤအချိန်တွင် မြန်မာလယ်ယာတစ်ခွင်၌ အစိမ်းရောင်မြကမ္ဗလာ ခင်းထားသကဲ့သို့ ကောက်ပင်ပျိုတို့ဖြင့် စိမ်းနေသည်။

မည်သို့ပင်ဆိုစေ မိုးရာသီ၏အလှသည် စာသ၍ဆုံးနိုင်မည် မထင်ပေ။ စိန်ပန်းပွင့်နီနီနှင့်အတူ အဖြူအစိမ်းဆင်တူ ဝတ်ဆင်ထားကာ ကျောင်းတက်နေသော ကျောင်းသူကျောင်းသားများသည် မိုးရာသီ၏ အလိုက်ဖက်ဆုံး အရာပင်ဖြစ်သည်။ မိုးရာသီတွင် လယ်သမားတို့၏ ဝမ်းစာအဆင်ပြေသည်။ အနာဂတ်၏ ခေါင်းလောင်းသံတို့ ညံနေသည်။ ဖားတို့၏ ရွှင်မြူးသံကိုကြားရသည်။ စိမ်းလန်းစွာ ခေါင်းထောင်ထလာသော မြက်ပင်ပျိုတို့ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ဥတုသုံးလီအနက် မိုးရာသီကား လူသားအကျိုးကို သယ်ပိုးကာ အေးမြလန်းဆန်းသောရာသီဥတုကို ပေးစွမ်းနိုင်သည်။ မည်သို့ပင်ဖြစ်စေ ထိုမိုးရွာသော နေ့တစ်နေ့ကား ပန်းချီဆရာ ခြယ်မှုန်းသီ၍ မိနိုင်မည်မဟုတ်ချေ။ ။

❖

mgyoe.com

mgyoe.com

# ရိုင်းပင်းကူညီလိုစိတ်

- လောကတွင် တစ်ဦးတည်းရပ်တည်၍ မရပုံ
- တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီရန် လိုအပ်ပုံ
- ရိုင်းပင်းကူညီလိုစိတ် ထားသင့်ပုံ
- ရိုင်းပင်းကူညီမှုမရှိခြင်း အပြစ်ပြဿနာများ
- ကိုယ်တွေ့ဖြစ်ရပ်တစ်ခု
- မိမိအမြင်

mgyoe.com

mgyoe.com


# ရိုင်းပင်းကူညီလိုစိတ်

မောင်ဇော်ဝဏ္ဏမောင်မောင်

ပင်လယ်ပြင်မှ ကျွန်းမြေသည် တစ်ဦးတည်း မည်သို့ရပ်တည်နေသနည်း။ ကျွန်းမြေပေါ်တွင် ပေါက်ရောက်နေသော ကိုင်းပင်များကြောင့်ပင် ဖြစ်သည်။ ကိုင်းပင်တို့၏ အမြစ်များ ကုတ်တွယ်နေခြင်းကြောင့် ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ ဤသို့ပင် ကိုင်းပင်များသည်လည်း ပင်လယ်ပြင်တွင် မည်ကဲ့သို့ ရပ်တည်နေသနည်း။ ကျွန်းမြေကြောင့်ပင်ဖြစ်သည်။ တစ်ခုတည်းသော ကျွန်းမြေကို အမှီသဟဲပြု နေထိုင်ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်းမြေနှင့် ကိုင်းပင်တို့သည် တစ်ခုနှင့် တစ်ခု အမှီသဟဲပြု နေထိုင်ကြရသည်။ ထို့ကြောင့် လူသားများသည်လည်း လောကအလယ်တွင် တစ်ဦးတည်း ရပ်တည်၍မရချေ။ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေကြရသည်။ ကျွန်ုပ်တို့ အထွတ်အမြတ်ထား ကိုးကွယ်နေကြသော မြတ်စွာဘုရားပင်လျှင် ဗောဓိညောင်ပင်ဟူသော အမှီကောင်းဖြင့် ဘုရားဖြစ်ခဲ့သည်။ ဤသို့ဆိုလျှင် လောကတွင် တစ်ဦးတည်းရပ်တည်၍မရကြောင်း ထင်ရှားနေချေပြီ ဖြစ်သည်။

ထိုသို့ တစ်ဦးတည်း ရပ်တည်၍မရသော လောကအလယ်တွင် တစ်ဦးနှင့် တစ်ဦး ဆက်ဆံမှုပြုလာကြသည်။ ပေါင်းသင်းခင်မင်လာကြသည်။ အမျိုးမျိုးသော လူတို့နှင့်ဆက်ဆံရင်း အလုပ်ခွင်သို့ဝင်လာကြရသည်။ လောက၏ အလှည့်အပြောင်း အရှုံ့အစောင်းများကို အတူကကွ ကျော်ဖြတ်လာကြရသည်။ ထိုသို့ အတူတကွ လုပ်ဆောင်နေထိုင်ရင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုများ ပြုလာကြသည်။ တစ်ဦး၏ ပြဿနာကို တစ်ဦးက ကူညီဖြေရှင်းပေးသည်။ တစ်ဦး၏

mgyoe.com

mgyoe.com


အခက်အခဲများကို တစ်ဦးက ကူညီထောက်ပံ့ပေးသည်။ ထိုသို့ ရိုင်းပင်းကူညီမှုကလေးများသည် တစ်ဦးနှင့်တစ်ဦး ခင်မင်မှုကို ခိုင်မြဲစေသည်။ ဆက်နွယ်မှုကို တည်တံ့စေသည်။ ထို့ကြောင့် တစ်ဦးတည်းရပ်တည်၍ မရသောလောကတွင် လူ့အဖွဲ့အစည်းနှင့် ဆက်ဆံနေထိုင်မှုကို ရိုင်းပင်းကူညီစိတ်က ပိုမိုခိုင်မြဲစေသည်။ ရိုင်းပင်းကူညီစိတ်သည် လူ့အဖွဲ့အစည်းနှင့် ဆက်ဆံနေထိုင်မှုတွင် ဆက်သွယ်ရေးတံတားကြီးသဖွယ် ဖြစ်နေသည်။

ထို့ကြောင့် လောက၏ လူ့အဖွဲ့အစည်းတွင် နေထိုင်နေသူတို့သည် ရိုင်းပင်းကူညီစိတ်ထားသင့်သည်။ မိမိ၏ကျောထောက်နောက်ခံဖြစ်သော မိဘဆွေမျိုးသားချင်းများကိုလည်း လိုအပ်လာလျှင် တတ်နိုင်သလောက် ရိုင်းပင်းကူညီသင့်သည်။ အလုပ်သမားများ အနေဖြင့်လည်း မိမိ၏ လုပ်ဖော်ကိုင်ဖက်ကိုဖြစ်စေ၊ မိမိ၏ လက်အောက်ငယ်သားကိုဖြစ်စေ၊ မိမိ၏ အလုပ်ရှင်ကိုဖြစ်စေ အကူအညီလိုအပ်လာလျှင် ရိုင်းပင်းကူညီသင့်သည်။ ထိုသို့ လူ့လောကသား အချင်းချင်း ရိုင်းပင်းကူညီသင့်သည်သာမက အခြားသတ္တဝါများကိုလည်း အကူအညီလိုအပ်လျှင် ရိုင်းပင်းကူညီစိတ်ဖြင့် မေတ္တာရှေ့ထား၍ ရိုင်းပင်းကူညီသင့်သည်။

ရိုင်းပင်းကူညီစိတ်ထား၍ ကူညီခြင်းသည် ယခုလက်ငင်းဘဝတွင် အကျိုးခံစားရသည်သာမက နောင်ဘဝ၌ ကောင်းကျိုးချမ်းသာ ခံစားရမည်ဖြစ်သည်။ ဘုရားလောင်း မာဃလုလင်သည် လူ့ဘဝတွင် မိမိ၏သူငယ်ချင်းများနှင့်အတူ အများအကျိုးကို ဆောင်ရွက်ခဲ့သည်။ ပတ်ဝန်းကျင်ကိုလည်း အမြဲတမ်း သန့်ရှင်းအောင် စောင့်ရှောက်ခဲ့သည်။ သူတစ်ပါး အကူအညီလိုအပ်လာလျှင်လည်း ကူညီသည်။ ထို့ကြောင့် ထိုဘဝ၌ပင်လျှင် ထင်ရှားကျော်စောခြင်းခံရပြီး သေလွန်သောအခါတွင်လည်း နတ်ပြည်၌ မာဃဟူသောနာမည်ဖြင့်ပင် သိကြားမင်းဖြစ်သည်။ သို့ဖြစ်၍ ရိုင်းပင်းကူညီမှုသည် ကျော်စောထင်ရှားခြင်းဟူသော လောကီစီးပွားကို ရရှိနိုင်သည့်အပြင် နတ်ပြည်၌ သိကြားမင်းဖြစ်ရခြင်းဟူသော လောကုတ္တရာ အကျိုးကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ရိုင်းပင်းကူညီမှုသည် မိမိကိုယ်တိုင် အကျိုးစီးပွားဖြစ်နိုင်သကဲ့သို့ သူတစ်ပါးအပေါ်၌လည်း အကျိုးအမြတ်များစွာ ရနိုင်သည်။ မထင်မရှားသော ကုန်သည်လေးတစ်ဦး၏ ကိုယ်ကျိုးစွန့် ဆောင်ရွက်ခဲ့မှုကြောင့် လူသားများစွာ အသက်ချမ်းသာရာရခဲ့သော အဖြစ်အပျက်သာဓကတစ်ခုကို မှတ်သားခဲ့ဖူးသည်။ ၎င်းအဖြစ်အပျက်သည် ဆိုဖာရိဒ်မြို့၏ စစ်မြေပြင်တစ်နေရာတွင် အစပြုခဲ့သည်။ အစပြုခဲ့သူမှာ ကုန်သည်လေး ဟင်နရီဒူးနန့်ဖြစ်သည်။ ထိုကုန်သည်လေးသည် ကုန်ကူးသန်းရန်

mgyoe.com

mgyee.com


ခရီးသွားလာရင်း စစ်မြေပြင်နှင့် မဖျော်လင့်ဘဲ တွေ့ကြုံခဲ့ရသည်။ ဒူးနန့်သည် စစ်မြေပြင်၌ ဒဏ်ရာရသူတို့ကိုပြုစုရန် အနီးအနား ရွာများမှလူများကို ပေါင်းစုကာ သူနာပြုအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ ပြီးနောက် ဒဏ်ရာရရှိသူများကို ကရုဏာစိတ်ဖြင့် ရိုင်းပင်းကူညီခဲ့သည်။ ဟင်နရီဒူးနန့်ခေါင်းဆောင်သော ထိုသူနာပြုအဖွဲ့လေးသည် တဖြည်းဖြည်းကြီးမားလာကာ ယခုအခါ နိုင်ငံတကာ ကြက်ခြေနီအသင်းကြီး ဖြစ်လာခဲ့သည်။ စစ်မြေပြင်တစ်နေရာမှ မထင်မရှားသော ရိုင်းပင်းကူညီမှုလေး၏ အကျိုးကို တစ်ကမ္ဘာလုံး ယနေ့တိုင်ခံစားနေရသည်။

ရှေးသောအခါ သမင်တစ်ကောင်သည် ချုံတစ်ခုဌ်၊ လိပ်တစ်ကောင် သည် အနီးရှိ ရေအိုင်၌၊ ခေါက်ရှာငှက်သည် အိုင်အနီးရှိ သစ်ပင်တို့၌၊ အသီးသီးနေကြကုန်လျက် ချစ်ကြည်စွာနေလေသည်။ တစ်ခါသော် ညဥ့်ဦးယံအချိန်တွင် မုဆိုးထောင်ထားသော ကျော့ကွင်း၌ သမင်ကိုမိလေသည်။ သမင်အော်မြည်သံ ကြားသောအခါ ခေါက်ရှာငှက်နှင့် လိပ်တို့ရောက်လာပြီး ခေါက်ရှာငှက်က လိပ်အား ကျော့ကွင်းကို ကိုက်ဖြတ်စေ၏။ သူက မုဆိုးမလာနိုင်အောင် ကြိုးစားမည်ဟုဆိုသည်။

ခေါက်ရှာငှက်သည် မုဆိုးအား အမျိုးမျိုးတားရ၍ နေထွက်စလောက်မှ အိမ်ကထွက်ဖြစ်စေသည်။ ခေါက်ရှာငှက်က လျင်မြန်စွာပြန်လာပြီး သမင်နှင့်လိပ်အား မုဆိုးထွက်လာသည့်အကြောင်း ပြောသည်။ ကြိုးတစ်လွန်းသာကျန်၍ မုဆိုးရောက်ရန် ခဏအလိုတွင် သမင်သည် အားကြီးစွာ ရုန်းဖြတ်၍ တောထဲသို့ ပြေးဝင်သည်။ မုဆိုးက လိပ်ကိုဖမ်းယူပြီးနောက် အိတ်ထဲထည့်၍ သစ်ငုတ်တစ်ခု၌ အိတ်ကိုဆွဲထားသည်။ သမင်ကလိပ်ကိုကယ်ရန် အားနည်းဟန်ပြုရန် မုဆိုးအား တောနက်ရာသို့ သွေးဆောင်ခဲ့သည်။ အတန်ဝေးသော သမင်သည် အခြားလမ်းတစ်ခုမှ လိပ်ကိုလာ၍ ကယ်သည်။ မိတ်ဆွေသုံးဦးတို့ ချမ်းသာရာရခြင်းသည် ရိုင်းပင်းကူညီလိုစိတ် ရှိသောကြောင့်ပင်ဖြစ်သည်။

ရိုင်းပင်းကူညီမှုရှိခြင်း၏အကျိုးနှင့် မရှိခြင်း၏ အပြစ်ကို ဒွန်တွဲဖော်ပြထားသော ပုံပြင်တစ်ပုဒ်ရှိသည်။ ပုံပြင်ထဲတွင် ကြီးမားလှစွာသော ကျောက်တုံးကြီးတစ်တုံးသည် လမ်းမလယ်၌ပိတ်နေသည်။ အများအကျိုးမသိသူများက ကျောက်တုံးကြီးပိတ်နေသည်ကို မဖယ်ရှား။ ရအောင်ရှောင်၍ သွားကြသည်။ ထိုရိုင်းပင်းကူညီလိုစိတ် မရှိသူတို့သည် ကျောက်တုံးကြီးကို ရှောင်၍သွားရသဖြင့် ကိုယ်ခန္ဓာ၌ထိခိုက်ပွန်းပဲ့ကာ ဒဏ်ရာများရကြသည်။ လှည်းဖြင့်သွားသူတို့မှာလည်း ၎င်းတို့၏နွားများ ထိခိုက်ဒဏ်ရာရခြင်း၊ လှည်းဘီးများ ပျက်စီးခြင်းဖြစ်ကာ ခရီးသွားလာမှုနှောင့်နှေးခဲ့ရသည်။ ရိုင်းပင်းကူညီလိုစိတ်ရှိသူ လုလင်တစ်ဦးမှာမူ ထိုကျောက်တုံး

mgyee.com

mgyoe.com

ကြီးကို ဖယ်ရှားပေးလိုက်သဖြင့် ကျောက်တုံးအောက်၌ ဝှက်ထားသော ရတနာသေတ္တာကို ရခဲ့သည်။ ထိုကြောင့် လူတစ်ဦး၏ ရိုင်းပင်းကူညီလိုစိတ် မရှိခြင်းသည် ထိုသူ၏ဘဝခရီးလမ်းနှင့်လည်း ဆက်နွှယ်နေသည်။ ရိုင်းပင်းကူညီစိတ်ရှိသူတို့သည် လုလင်ပျိုကဲ့သို့ ဘဝခရီးလမ်း၌ အကျိုးအမြတ်ရရှိပြီး ခရီးလမ်းကြောင်းဖြောင့်ဖြူးနိုင်သည်။ ရိုင်းပင်းကူညီမှုမရှိသူတို့ကား ပိတ်ဆို့နေသော ကျောက်တုံးကြီးကြောင့် အနာတရဖြစ်ကာ ခရီးနှောင့်နှေးရသကဲ့သို့ ဘဝခရီးလမ်းတွင် အခက်အခဲများနှင့်ကြုံတွေ့ကာ ခရီးလမ်း နှောင့်နှေးကြရမည်ဖြစ်သည်။

ထို့ပြင် ရိုင်းပင်းကူညီမှုသည် ကိုယ်ခန္ဓာ၏ အကျိုးစီးပွားတို့ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက စိတ်၏ချမ်းသာမှုကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ တစ်နေ့တွင် ကျွန်တော်သည် မုန့်ဝယ်ရန် လမ်းထိပ်သို့သွားစဉ် လမ်းထိပ်ရှိမုန့်ဆိုင်အရောက်တွင် ကတ္တရာလမ်းရှိ လူကူးမြင်းကျားကို အမှတ်မထင် ကြည့်လိုက်မိသည်။ လူကူးမျဉ်းကျားပေါ်တွင် ပါးရေများ တွန့်လိပ်နေပြီဖြစ်သော အဘွားအိုသည် ဖြူဖွေးနေသော စာရွက်ကလေးကို လက်ဖြင့်တုန်တုန်ရီရီကိုင်ကာ ကားလမ်းကူးရန် ကြိုးစားနေသည်ကို တွေ့ရသည်။ ကားများကလည်း ဟိုမှသည်မှ ရှုပ်ထွေးစွာ သွားလာနေသည်။ ကျွန်တော်သည် ထိုအဘွားအိုထံသို့ ချဉ်းကပ်သွားပြီး 'အဘွား၊ လမ်းကူးမလို့လား'ဟူ၍မေးလိုက်ရာ အဘွားအိုက'အေး' ဟုပြောရင်း ခေါင်းလေးကို တစ်ဆတ်ဆတ် ညိတ်ပြသည်။ ကျွန်တော်သည် အဘွားအိုကို ဖေးကူ၍ တစ်ဖက်လမ်းဆီသို့တိုင်အောင် လိုက်ပို့ပေးလိုက်သည်။ အဘွားအို၏ 'ကျေးဇူးတင်ပါတယ် မြေးရယ်' ဟူသော စကားသံသည် ကျွန်ုပ်အတွက် ပီတိများစွာဖြစ်လာစေသည်။ နောက်တစ်နေ့နံနက်တွင် ထိုအဘွားအိုသည် ကားနှင့်အိမ်သို့ရောက်လာပြီး ကျွန်တော့်အား ဒွေးစားသော မုန့်ဟင်းခါးကို လိုက်ကျွေးသည်။ ကျွန်တော်သည် မုန့်ဟင်းခါးနှစ်ပွဲမျှသာစားပြီး အိမ်သို့ပြန်လိုက်ပို့ပေးသည်။ ထိုသို့ ရိုင်းပင်းကူညီမှုသည် မိမိအတွက် ပြန်လည်၍ ရောင်ပြန်ဟပ်သည်ကို မုန့်ဟင်းခါးနှစ်ပွဲစားထားပြီး ပွဲဖောင်းနေသော ကျွန်တော်၏ဗိုက်ကလေးက သက်သေခံနိုင်မည် ဖြစ်သည်။

ထို့ကြောင့် လူ့လောကဆက်ဆံရေးတွင် ရိုင်းပင်းကူညီမှုသည် အလွန်အရေးပါလှသည်။ ဤသို့ဖြင့် ရိုင်းပင်းကူညီမှုတို့ဖြင့် ငြိမ်းချမ်းသာယာနေသော လောကကြီးတွင် နေထိုင်နေသော ကျွန်ုပ်တို့သည် ရိုင်းပင်းကူညီလိုစိတ်ကို မွေးမြူကြရမည်။ ။

❖

mgyoe.com

mgyee.com


# ပျက်အစဉ် ပြင်ခဏ

မောင်ဇော်ဝဏ္ဏမောင်မောင်

ရှေးအခါက လူကြီးသူမတို့သည် နောင်လာနောင်သားများ မှတ်သား ဆင်ခြင်ဖွယ်ရာ စကားပုံအစုံစုံတို့ကို ဘဝနှင့်ရင်း၍ မှတ်သားရေးသားခဲ့ကြသည်။ ထိုစကားပုံများသည် အမျိုးမျိုးအသုံးဝင် အရေးပါအရာရောက်လှပါသည်။ ထို စကားပုံများအနက်မှ 'ပျက်အစဉ် ပြင်ခဏ' ဟူသော စကားပုံသည် အနှစ်သာရ အလွန်ရှိပါသည်။ မိမိ၏အကျင့်စရိုက်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှု များကို မပြင်ဆင်ဘဲနေပါက ကောင်းကျိုးရမည်မဟုတ်ပေ။ မိမိ၏ပျက်စီးမှုများကို ပြင်ဆင်မှသာလျှင် ကောင်းကျိုးရလဒ်များကို ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် 'ပျက်အစဉ် ပြင်ခဏ' ဟူသော စကားပုံသည် အလွန်အရေးပါလှသည်။

'ပျက်အစဉ် ပြင်ခဏ' ဟူသော စကားပုံ၏အဓိပ္ပာယ်မှာ ဂိမ်းစက်ပျက်၍ ဆိုင်တွင် ပြင်ခြင်းမျိုး မဟုတ်ချေ။ မိမိ၏ပျက်စီးနေသော အကျင့်စရိုက်၊ ရုပ်ပိုင်း ဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများကို ပြုပြင်ခြင်းသဘောဖြစ်သည်။ လောကတွင် ဖြစ်ခြင်းနှင့် ပျက်ခြင်းသည် ရောထွေးတွဲဆက် ဒွန်တွဲနေသည်။ ပျက်စီးမှုကို ပြင်ဆင်နိုင်စွမ်း ရှိခြင်းသည် အစွမ်းသတ္တိတစ်မျိုးဖြစ်သည်။

အကျင့်စာရိတ္တ၊ စရိုက်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများ မျိုးစုံလှသည်။ အကျင့်စာရိတ္တ ပျက်စီးခြင်းကို မိမိလုပ်မြဲအတိုင်း မလုပ်ဘဲရှိပါက ရသလို ခိုကပ်ခြင်း၊ မိမိက ချမ်းသာပါသည်။ သို့သော် သူတစ်ပါးပစ္စည်းကို တစ်မှုန်မှ တစ်စိတ်၊ တစ်စိတ်မှ တစ်ပိုင်း၊ တစ်ပိုင်းမှတစ်ခုလုံးကို မတရား စားတတ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် မိမိ၏အကျင့်စာရိတ္တကို ပြင်ဆင်နိုင်ပါက

mgyee.com

လူအများ၏ ဂုဏ်ပြုချီးမြှောက်ခြင်းကိုခံနိုင်ကြသည်။

စရိုက်ပျက်စီးမှုများသည် လူကြီးမိဘ ဆရာသမားများကို ရိုသေကိုင်းရှိုင်းသူများပင်လျှင် ရလျှင်ရသလို လူကြီးမိဘများကို မရိုသေတော့ခြင်း၊ ဆရာသမားများအား အတန်းကျရာနှစ်၌မူ 'ဆရာမ၊ ဆရာမ' ဖြစ်နေပြီး၊ အတန်းလွန်သွားပါက ဂရုမစိုက်ခြင်း၊ အိမ်စာကို ကျောင်းပြီးပါက လုပ်နေကြပင်ဖြစ်သော်လည်း အကျင့်ပျက်၍ မလုပ်တော့ခြင်းတို့သည်။ ထို့ကြောင့် စရိုက်ပျက်စီးမှုများကို ပြင်ဆင်နိုင်ပါက ယခင်က စရိုက်ကောင်းမွန်ခဲ့စဉ်ကကဲ့သို့ပင် ချီးမွမ်းခံရမည် ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများသည် ရိုးရှင်းလှသည်။ ဆံပင်သည် ယခင်ကကဲ့သို့ တိုမနေဘဲ ရှည်နေခြင်းသည် ပြင်ဆင်ရာတွင် အလွန်လွယ်ကူလွန်းလှသောအရာဖြစ်သည်။ စိတ်ပျက်စီးမှုသည် ယခင်က ကိလေသာကင်းစင်နေရာမှ သတိလက်လွတ်လိုက်ပါက ဒေါသ၊ မောဟ၊ လောဘ စိတ်များဝင်လာတတ်သည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုကို ပြင်ဆင်ပါက လူ့ပုံအလယ်တွင် တင့်တယ်မည်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာပျက်စီးမှုကို ပြင်ဆင်ပါက ကုသိုလ်များပြီး နိဗ္ဗာန်ကို ရောက်နိုင်သော အဆင့်အထိပင် ပံ့ပိုးကူညီနိုင်သည်။

အကျင့်စာရိတ္တ၊ စရိုက်၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများကို ပြင်ဆင်နိုင်ခဲ့၍ အကျိုးရှိခဲ့သူ တစ်ဦးအကြောင်းကို တင်ပြလိုပါသည်။ ကျွန်တော့်အမေ၏ သူငယ်ချင်း၏ လင်ယောကျ်ားခင်ပွန်းသည် အကျင့်ဆိုးတစ်ခုရှိသည်။ ထိုအကျင့်ဆိုးမှာ မိမိပိုက်ဆံရမည့် လုပ်ငန်းအအပ်ခံရလျှင် လမ်းသွားရင်း အရက်သောက်ပြီး အလုပ်မလုပ်သော အကျင့်ဖြစ်သည်။ သို့သော်သူသည် သူ၏ဇနီး၊ မယားမိန်းမကိုကြည့်၍ သနားကာ အရက်ဖြတ်၍ အလုပ်ခွင်ကို မှန်မှန်ဝင်ခဲ့သည်။ ထိုပြုပြင်မှုကြောင့် သူ၏မိသားစုသည် ယခုအခါ အဆင်ပြေခဲ့ပြီဖြစ်သည်။

ပြုပြင်မှုအမျိုးမျိုးသည် ကောင်းကျိုးရလဒ်ကိုသာ ဦးတည်နေကြသည်။ အကျင့်စာရိတ္တကောင်း၍ဖြစ်စေ၊ မကောင်း၍ဖြစ်စေ ပြုပြင်ပါက ကောင်းကျိုးရလဒ်ကိုသာ ခံစားရမည်။ ထိုသို့ ပြုပြင်သင့်သည်များကို မပြုပြင်ဘဲနေပါက ဆိုးကျိုးကိုသာ ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် ပြုပြင်မှုများသည်လည်း အရေးပါသည်။

ပြုပြင်သင့်သည်ကို မပြုပြင်ခဲ့၍ နိုင်ငံတစ်ခုလုံး ပေးလိုက်ရသော ဆိုးကျိုးသာဓကရှိပါသည်။ သီပေါမင်းလက်ထက် ၁၈၈၅တွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သေနတ်တစ်ချက်မျှပင်မဖောက်ဘဲ အလွယ်တကူ သိမ်းပိုက်နိုင်သည်။

ကျွန်ုပ်တို့အတွက် အမြတ်ထားရသော မြတ်စွာဘုရားသည်ပင်လျှင် ဒုက္ခရ

mgyoe.com

mgyoe.com


စရိယာ အကျင့်များကို ကျင့်ခဲ့သဖြင့် ဖြန့်စ်ကြာသည့်တိုင် ဘုရားမဖြစ်ဘဲ ရှိနေသည်။ သို့သော် ပျက်စီးနေသောအကျင့်ကိုပြင်ဆင်နိုင်ခဲ့သဖြင့် လူသားအားလုံး၏ အထွတ်အမြတ်ထားခံရသော မြတ်စွာဘုရားဘဝသို့ ရောက်ရှိခဲ့သည်။

နာဂစ်မုန်တိုင်း ကိုက်ခတ်စဉ်အခါက ပြည်သူပြည်သား ထောင်သောင်း၊ သိန်းသန်း၊ မြောက်မြားစွာတို့ သေကြေပျက်စီး၍ အိုးအိမ်လယ်ယာ ကင်းခဲ့ကြသည်။ သို့သော် နိုင်ငံတော်အစိုးရနှင့် လူအပေါင်းတို့၏ကူညီမှုဖြင့် ပြန်လည်ထူထောင်နိုးကြွလာနိုင်ခဲ့သည်။ ထိုအကျိုးကျေးဇူးများသည် ပြုပြင်သင့်သည်များကို ပြုပြင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ပုဂံဟွင် ငလျင်လှုပ်ခဲ့စဉ်က ဘုရားပုထိုးစေတီများစွာ ပြိုကွဲခဲ့သည်။ ထိုအခါ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများ၏ကြိုးပမ်းမှုကြောင့် ပုဂံဘုရားပုထိုးစေတီများစွာကို လက်ညှိုးထိုးမလွဲ ပြန်လည်တွေ့မြင်နိုင်ခဲ့သည်။ ထို့ကြောင့် ပြုပြင်သင့်သည်ကို ပြုပြင်ပါက ကောင်းကျိုးကိုသာ ခံစားရမည်ဖြစ်သည်။ အကယ်၍ ထိုစဉ်အခါက မပြုပြင်နိုင်ခဲ့ပါက ယခုကမ္ဘာ့အံ့ဖွယ် ဘုရားပုထိုးစေတီများရှိသော မြန်မာနိုင်ငံတွင် ဘုရားငုတ်တိုများကိုသာ လက်ညှိုးထိုးမလွဲ တွေ့မြင်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ပြုပြင်သင့်သည်ကို ပြုပြင်ခဲ့ခြင်းကြောင့် ကောင်းကျိုးဖြစ်သော လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်သို့သွားရောက်၍ အင်္ဂလိပ်တို့ကို တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး' အဖြစ်နှင့် ကြုံတွေ့ခဲ့သည်။ ဂျပန်တို့သည် အင်္ဂလိပ်တို့ထက် ဆိုးရွားပြီး မြန်မာတို့ကို အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ကာ မြန်မာ့အဖိုးတန် ဆန်စပါး၊ သစ်ဝါးနှင့် သယံဇာတပစ္စည်းများကို အပိုင်သိမ်းယူခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းက သူစခဲ့သောကိစ္စကို သူကိုယ်တိုင်ပြီးဆုံးအောင် အသက်ပေးဆောင်ရွက်ခဲ့သည်။ ထိုအဖြစ်အပျက်များသည် ပြုပြင်သင့်သည်များကို ပြုပြင်၍ ဖြစ်ပေါ်လာရသော အဖြစ်အပျက်များဖြစ်သည်။

လူ့လောကတွင် မိမိသည် အမှားတစ်ခုခုကို ပြုလုပ်မိပါက ဝန်ချတောင်းပန်ပါက ခွင့်လွှတ်ခြင်း၊ ကျေအေးခြင်းစသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။ ထို့အတူ အကျင့်စာရိတ္တ၊ စရိုက်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမှားပျက်စီးမှုများကို ပြန်လည်ပြုပြင်လိုက်ပါက အကောင်းဘက်သို့ ဖြစ်လာမည်

mgyoe.com

mgyoe.com


ဖြစ်သည်။ လူ့လောကတွင် မှားပါက ပြင်ရဲသည့်စိတ်သည် ရှားပါးသော စိတ်သတ္တိ တစ်မျိုးဖြစ်သည်။

ထို့ကြောင့် မိမိ၏အကျင့်စာရိတ္တ၊ စရိုက်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမှားပျက်စီးမှုများကို အမှားမှန်းသိကာ ပြင်ဆင်တတ်ရန် အဓိကလိုအပ်လှသည်။ အမှားကိုအမှားမသိဘဲ အမှန်ဟုထင်ကာ မပြင်ဆင်သူများသည် အချိန်တန်သော အခါ အရှုံးများကိုသာ ရင်ဝယ်ပိုက်၍ ကျေနပ်ရမည်ဖြစ်သည်။ အမှားကိုမမှန်သိ လျက်နှင့် မပြင်ဆင် မပြုပြင်သူများသည် အရှုံးနှင့်သာ ကျေနပ်ရမည်ဖြစ်သည်။

ထို့ကြောင့် အရှုံးနှင့်သာ ကျေနပ်ရသောဘဝကို မရောက်စေဘဲ အနိုင်နှင့် ပိုင်းနိုင်ရန် အမှားကို ဝန်ခံပြုပြင်ရသောစိတ်၊ ပြုပြင်သင့်သည်ကို ပြုပြင်လိုသောစိတ် တို့သည် အဓိကဖြစ်သည်။ ထို့ကြောင့် အမှားကို ဝန်ခံပြုပြင်ရဲသောစိတ်၊ ပြုပြင်သင့် သည်ကို ပြုပြင်လိုသောစိတ်တို့ကို လက်ကိုင်ထား၍ အနိုင်နှင့်ပိုင်းနိုင်သော ဘဝ ရောက်ရန် ကြိုးစားကြပါဟု ကြွေးကြော်ရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

❖

mgyoe.com

# စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက်

– ခရီးသွားခြင်းကို စိတ်ဝင်စားပုံ
– ခရီးထွက်ရန် အကြောင်းပေါ်လာပုံ
– ဆွေမျိုးများရှိရာ မြို့တစ်မြို့သို့ ခရီးထွက်ခဲ့ပုံ
– လမ်းခရီးအတွေ့အကြုံများ
(မြင်ကွင်းများ၊ လူများ၊ အဖြစ်အပျက်များ)
– ကိုယ်တိုင်ပြုမူလှုပ်ရှားခဲ့ပုံ
– ဆွေမျိုးများထံရောက်၍ ပျော်ရွှင်ရပုံ

mgyoe.com

mgyoe.com


# စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက်

မောင်ဇော်ဝဏ္ဏမောင်မောင်

လူသားများသည် ဘဝခရီးလမ်း သံသရာကြီးထဲတွင် မိမိတို့၏ အလုပ်ခွင်တွင် အမြဲတမ်းလိုလို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေကြသည်။ ထို့ကြောင့် လူသားများသည် တစ်ချိန်တစ်ခါတွင် ပျော်ရွှင်စရာများ ရှိနေသင့်သည်ဟု ထင်မြင်မိပါသည်။ ထိုသို့ ပျော်ရွှင်စရာများကို ပွဲတော်များ၊ ခရီးသွားလာခြင်းများမှ ရရှိနိုင်သည်။ ထိုသို့ ပျော်ရွှင်စရာများအနက်မှ ခရီးသွားလာခြင်းကို ပို၍ပျော်ရွှင်စရာများ ရှိနိုင်မည်ဟု ထင်မြင်မိသည်။ အဘယ့်ကြောင့်ဆိုသော် ပွဲတော်သည် မိမိကြုံတွေ့ဖူးသောနေရာတွင် ပွဲတော်ကျင်းပခြင်းဖြစ်သဖြင့် ပွဲတော်အတွေ့အကြုံကို ခံစားပြီးပျော်ရွှင်ရမည်ဖြစ်သည်။ ခရီးသွားခြင်းကမူ မိမိမတွေ့မကြုံ၊ မခံစားဖူးသောဒေသနေရာကို တွေ့ကြုံရမည့်အပြင် ပျော်ရွှင်မှုအသစ်အဆန်းများလည်း ရမည်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားခြင်းသည် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသူများအတွက်သာမက အခြားသူများအတွက်ပါ စိတ်ထွက်ပေါက်တစ်ခုဖြစ်သည်။

ထိုသို့ စိတ်ထွက်ပေါက်တစ်ခုဖြစ်သော ခရီးသွားလာခြင်းကို ကျွန်တော်ကိုယ်တိုင် ပျော်ရွှင်ကြည်နူးစွာ လက်ခံစိတ်ဝင်စားပါသည်။ ခရီးသွားလာခြင်းသည် မိမိမကြုံတွေ့ဖူးသော မခံစားရဖူးသော နေရာတစ်နေရာသို့ သွားရောက်၍ လေ့လာရခြင်းဖြစ်သည်။ ထို့ကြောင့် ခရီးသွားလာခြင်းဖြင့် ဘဝအမောများကို ဖြေသိမ့်ရမည်ဖြစ်သည်။ ခရီးသွားလာခြင်းကြောင့် ဘဝအမောများ ပြေမည့်အပြင် ဗဟုသုတများကိုပါ ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ကောင်းကျိုးများ ရရှိနိုင်သော ခရီးသွားလာခြင်းသည် ကျွန်ုပ်၏ အနှစ်သက်ဆုံး ပျော်ရွှင်မှုများ ရရှိနိုင်သော အလုပ်ဖြစ်သည်။

mgyoe.com

mgyde.com


ထိုသို့ ခရီးသွားလာခြင်းကို နှစ်သက်လွန်းလှသော ကျွန်တော့်အတွက် ခရီးသွားရမည့်အကြောင်းတစ်ခု ပေါ်လာခဲ့သည်။ ဘားအံမြို့ ရေဘုတ်ဆည်ကွင် ဦးဆောင်လုပ်ကိုင်နေသော ကျွန်ုပ်၏ဖခင်သည် ကားပျက်သဖြင့် ရန်ကုန်သို့ ပို့၍ ကားပြင်ထားလေရာ ကားကောင်းသောအခါ ဘားအံသို့ ကားကို ပို့ပေးရမည် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်၏ဖခင်သည် ကားရသည်နှင့် ရန်ကုန်သို့ ပြန်လာမည် ဖြစ်သည်။ ကျွန်တော်က ဘားအံသို့ အလည်လိုက်ချင်သောကြောင့်သာလျှင် ကျွန်တော့်ကိုစောင့်ပြီး ဘားအံတွင်နှစ်ရက်ဆက်နေပြီးမှ ပြန်ကြမည်ဖြစ်သည်။ ထိုသို့ ကားပြန်ပို့ပေးရမည့်အချိန်မှာ တိုက်ဆိုင်စွာပင် သီတင်းကျွတ်ပွဲတော် ဆင်နွှဲပျော်နေမည့် အချိန်ဖြစ်သည်။ ထိုခရီးတွင် ကားမောင်းမည့်သူမှာ ကျွန်တော့်သူငယ်ချင်း၏ ဒရိုင်ဘာ ဦးထွေး၊ ကျွန်တော့်အဖေ၏ တပည့်ဖြစ်သူ ဦးမျိုးကျော်တို့ဖြစ်သည်။ ယခင်အခေါက်အခါများက ဘားအံသို့သွားသောအခါ ကျွန်တော့် အမေပါလေ့ရှိသော်လည်း ဤတစ်ခေါက်တွင်မူ မအား၍ မလိုက်ခဲ့ပါ။

ကျွန်တော်၏မိခင်မပါသော်လည်း ဦးထွေးနှင့် ဦးမျိုးကျော်တို့မှာ ကျွန်တော်နှင့် အတော်ခင်မင်ခဲ့သဖြင့် လမ်းခရီးသည် ပျော်ရွှင်ရမည်ဖြစ်ကြောင်း ကြိုတင်ခံစားမိနေသည်။ တည်းခိုရန်ကိုပင် ဘားအံမြို့ထဲရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုရန် ဖခင်က ကြိုတင်စီစဉ်ထားမည် ဖြစ်သည်။ ဖခင်၏ ပြောပြချက်အရ တည်းခိုခန်းတွင် အဲယားကွန်း၊ ရေခဲသေတ္တာ၊ တီဗွီတို့ ပါဝင်ကြောင်းသိရသည်။ အိပ်ရာများမှာ တစ်ယောက်အိပ်ခုတင် သုံးလုံးရှိသည်။ တစ်ယောက်အိပ်ဟု ဆိုသော်လည်း နှစ်ယောက်အိပ်ထက်ပင် ကျယ်နေသေးကြောင်း သိရသည်။ ရေချိုးခန်းမှာလည်း ရေပူရေအေးရကြောင်း ပြောပြသည်။ ကားမောင်းမည့် ဦးထွေးမှာ ကားပြင်ထားသည့် ဝပ်ရှော့နှင့် နှစ်အိမ်သာကွာသောအိမ်တွင် နေထိုင်သည်။ ထို့ကြောင့် သူက ကားကိုယူလာ၍ အိမ်သို့လာမည်။ ဦးမျိုးကျော်ကမူ ညကားစီး၍ထွက်လာပြီဖြစ်ကြောင်း သိရသဖြင့် ခရီးထွက်ရတော့မှာပါလားဟု ပျော်ရွှင်မိသည်။

မနက်ကိုးနာရီအချိန်တွင် ဦးထွေးသည် ကားနှင့်ရောက်နေပြီး ဦးမျိုးကျော် ရောက်နေသည်ကို တွေ့ရသဖြင့် မျက်နှာသစ် သွားတိုက်၍ ရေချိုးသည်။ ထို့နောက် အမေအဆင်သင့် ထုပ်ပိုးထားသော အဝတ်အစားထုပ်ကိုယူ၍ အမေ့ကို နှုတ်ဆက်ပြီး ကားပေါ်သို့တက်ခဲ့သည်။ ထို့နောက် ဖေဖေရှိရာ ဘားအံသို့ ကားဖြင့်အမြန်နှုန်းတင်၍ မောင်းခဲ့သည်။ ရန်ကုန်တိုင်းအထွက်သို့ ရောက်သောအခါ လက်ဖက်ရည်ဆိုင်သို့သွား၍ လက်ဖက်ရည်သောက်ကြသည်။ ထို့နောက် ကားကိုဆက်လက်၍ မောင်းကာ ကျိုက်ထိုမြို့သို့ရောက်သောအခါ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်

mgyoe.com


မြတ်ကြီးအား တောင်အောက်မှနေ၍ ကြည်ညိုဖူးမြော်ခဲ့သည်။ ကားမောင်းသူ ဦးထွေးသည် ကျိုက်ထိုမြို့ ဇာတိဖြစ်သဖြင့် ဦးထွေးကိုးကွယ်သော ဘုန်းကြီးကျောင်းသို့ ခေတ္တခဏဝင်၍ ကျောင်းထိုင်ဆရာတော်နှင့် နာရီဝက်မျှ စကားလက်ဆုံကျပြီးနောက် ဘုန်းကြီးကျောင်းမှ ထွက်ခဲ့သည်။ ဘုန်းကြီးကျောင်းမှ ထွက်ခွာခဲ့သော်လည်း လမ်းတွင် ဦးထွေး၏ အသိမိတ်ဆွေများနှင့် တွေ့ဆုံရာ စကားပြောခဲ့သေးသည်။

ထို့နောက် ဘီးလင်းမြို့သို့ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ရောက်၍စားခဲ့ရာ ထမင်းဆိုင်မှာ ကုလားဆိုင်ဖြစ်နေသဖြင့် ဝက်သားမရ၍ ဆိတ်သားဖြင့်သာ စားသုံးခဲ့ရသည်။ ဆိုင်မှအထွက်တွင် ဆိုင်နာမည်မှတ်ထားရန် ဦးထွေးကပြောသဖြင့် ဆိုင်နာမည်မှတ်ထားရာ ရွှေမျက်မှန်ဆိုသော ထမင်းဆိုင်ပင်ဖြစ်သည်။ ဦးထွေးက ဆိုင်နာမည်မှတ်ထားခြင်းသည် စားကောင်း၍မဟုတ်ဘဲ နောက်တစ်ခါ ထမင်းစားရာတွင် ထိုဆိုင်ကို ရှောင်ရန်ဖြစ်သည်ဟု ပြောသဖြင့် ရယ်မောခဲ့ရသည်။

ထို့နောက် စိမ်းလဲ့တင်သို့ဝင်၍ အခမဲ့တိရစ္ဆာန်ဥယျာဉ်ကို ဝင်ရောက်ကြည့်ရှုခဲ့သည်။ တိရစ္ဆာန်များအတွက် အစာကျွေး၍ရလေရာ မေမေသုံးရန်ပေးထားသော ပိုက်ဆံများထဲမှထုတ်၍ အစာဝယ်ကာ ကျွေးခဲ့သည်။ ထိုတိရစ္ဆာန်များမှာ မိကျောင်း၊ ဟိမဝန္တာဝက်ဝံ၊ ဖျံ၊ သမင်၊ မျောက်၊ ဒေါင်း၊ မြွေ၊ လိပ်၊ ဝန်ပိုငှက်၊ အောက်ချင်းငှက်နှင့် ရန်ကုန်တိရစ္ဆာန်ရုံတွင် မတွေ့ဖူးသော ငှက်မျိုးစုံတို့ကို တွေ့ရသည်။ ထူးခြားချက်မှာ မျောက်များကို ငှက်ပျောသီးကျွေးသောအခါ ငှက်ပျောသီးမစားသဖြင့် ကန်စွန်းရွက်ကျွေးရာ ကန်စွန်းရွက်ကို နှစ်သက်စွာ စားသုံးနေခြင်းဖြစ်သည်။ သမင်များမှာ ကန်စွန်းရွက်ကျွေးလျှင် အနားသို့ကပ်ပြီး ခေါင်းကိုင်ပင်ခံသည်။ ဖျံများသည်လည်း ငါးကျွေးလျှင် နံရံပေါ်သို့ပင် ခုန်တက်ပြီး ကိုက်စားသည်။ ဒေါင်းများသည် ကန်စွန်းရွက်ကို ဆတ်ခနဲ၊ ဆတ်ခနဲ ပေါက်၍စားသည်။ မိကျောင်း၊ မြွေ၊ လိပ်တို့မှာမူ အိပ်၍ပင်နေသည်။ ဟိမဝန္တာဝက်ဝံကလည်း ပူလွန်း၍ ဂူထဲသို့ ဝင်အိပ်နေသည်။ ဝန်ပိုငှက်၊ ခေါက်ရှာငှက်၊ အောက်ချင်းငှက်နှင့် အခြားငှက်များကမူ ခရမ်းချဉ်သီးစားသည်။ နောက် ဘားအံသို့နီးနေပြီ ဖြစ်သဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

သထုံသို့ရောက်သောအခါ ကားရပ်၍ ကြံရည်သောက်ပြီး ဘောလုံးအားကစားဂျာနယ်များကို ဝယ်ယူခဲ့သည်။ ထို့နောက် သထုံမြို့ပြင်ရှိ ဝါးပါးရုံသို့ဝင်ရောက်၍ ဦးမျိုးကျော်ကဆင်း၍ ရေဘုတ်ဆည်ရှိ ဖခင်ကို အကြောင်းကြား

mgyoe.com

mgyoe.com


သည်။ ဖေဖေသည် ရေဘုတ်ဆည်မှထွက်၍ ဘားအံမြို့ရှိ ရေခဲမုန့်ဆိုင်တွင် စောင့်နေမည်ဖြစ်ကြောင်း ကြားရသဖြင့် ဘားအံမြို့ ရေခဲမုန့်ဆိုင်သို့ သွားရောက်ခဲ့သည်။ ရေခဲမုန့်ဆိုင်သို့ ရောက်သောအခါ ရေခဲမုန့်စားရင်း စောင့်နေသော ဖေဖေ့ကို တွေ့လိုက်ရသဖြင့် ကားပေါ်မှခုန်ဆင်းကာ ဖေဖေ့ကို ပြေးဖက်လိုက်မိသည်။

ထို့နောက် ကျွန်တော်တို့သည် တည်းခိုခန်းရှိရာသို့ သွားရောက်ခဲ့သည်။ တည်းခိုခန်းအနီးအနားတွင် ဘုရားတစ်ဆူရှိသည်။ ကျွန်တော်သည် ဖေဖေနှင့်အတူ ရေဘုတ်ဆည်သို့သွား၍ ခေတ္တခဏကြည့်ရှု၍ ဖေဖေမွေးထားသောငါးများကို လှေနှင့် ဆင်း၍ ကိုယ်တိုင်အစာကျွေးသည်။ ထို့နောက် တည်းခိုခန်းသို့သွား၍ ရေချိုးပြီး အိပ်ခဲ့သည်။ ထို့နောက် မနက်တွင် ဖေဖေက ဆည်သို့သွားသည်။ ကျွန်တော်ကမူ ဘားအံဈေးသို့သွား၍ ဝယ်စရာရှိသည်များကို ဝယ်ခဲ့သည်။ တည်းခိုခန်းသို့ ရောက်သောအခါ ဖေဖေကကြိုရောက်နေပြီး တည်းခိုခန်းမှ သန့်ရှင်းရေးလုပ်ရန် အပြင်သို့ထွက်ခိုင်းသောအခါ မည်သို့ဖြစ်သည်မသိ၊ ရန်ကုန်ပြန်မည် တန်းလုပ်သဖြင့် ညမှပြန်ရန် မနည်းဆိုင်းထားရသည်။

ညရောက်သောအခါ ဘားအံမှထွက်၍ ရန်ကုန်သို့ သွားရောက်ခဲ့သည်။ သီတင်းကျွတ်မီးထွန်းပွဲတော် ဆင်နွှဲနေချိန်ဖြစ်သဖြင့် ဗျောက်အိုးများကို ကားပေါ်မှ ပစ်ချပြီး ပျော်ရွှင်နေကြသည်။ ရန်ကုန်ရောက်သောအခါ အိမ်သို့ပြန်၍ အိပ်ရင်း ခရီးအတွေ့အကြုံကို စားမြုံ့ပြန်နေမိသည်။

ထို့ကြောင့် ခရီးသွားလာခြင်းသည် လူသားများ၏ စိတ်ထွက်ပေါက်တစ်ခု ဖြစ်တော့သည်။ ။

❖

mgyoe.com

mgyoe.com


# ပညာသည် ဘဝရှေ့ဆောင်

- ပညာဟူသည်
- ဘဝတစ်လျှောက် ပညာအရေးပါပုံ
- ပညာက ဘဝကိုရှေ့ဆောင်လမ်းပြပုံ
- ပညာကြောင့် အသိအမြင်ကျယ်ဝန်းပြီး ဘဝကိုအကျိုးပြုပုံ
- ဘဝအောင်မြင်မှုရပုံ
- စာတွေ့ ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ
- ပညာနှင့် မိမိအမြင်

mgyoe.com

mgyoe.com


# ပညာသည် ဘဝရှေ့ဆောင်

မောင်ဇော်ဝဏ္ဏမောင်မောင်

ပညာဆိုသည်မှာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်အတတ်ပင် ဖြစ်သည်ဟု မြန်မာ့အဘိဓာန်က ဖွင့်ဆိုရှင်းပြထားပါသည်။ ပစ္စည်းဥစ္စာ ရွှေငွေတို့မှာ တန်ဖိုးရှိကြောင်း မြင်သာထင်သာသော ပစ္စည်းများ ဖြစ်ကြသည်။ ထိုပစ္စည်းများလောက်မထင်ရှားသော်လည်း လောကတွင် တန်ဖိုးအရှိဆုံးအရာမှာ ပညာပင်ဖြစ်ပါသည်။ 'သကျရုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စ' ဟူ၍ ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုထားခဲ့ပါသည်။ လူ့လောကအလယ်တွင် ပညာကိုသင်ကြားထားမှသာလျှင် ကြံစည်သမျှ တောင့်တသမျှအားလုံးကို ရရှိနိုင်မည်ဖြစ်သည်။ ပညာရှိလျှင် အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်တို့ကို ခွဲခြမ်းသိမြင် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူနှင့်တိရစ္ဆာန်ကို ပညာဖြင့် ခွဲခြားထားရခြင်းပင် ဖြစ်သည်။

လူတို့သည် အသိဉာဏ်အရှိဆုံး သတ္တဝါအဖြစ် သတ်မှတ်ခြင်းကို ခံရသည်မှာလည်း ပညာကြောင့်ပင်ဖြစ်သည်။ လူသားများတွင်လည်း အတတ်ပညာတစ်စုံတစ်ခုကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်မှသာလျှင် 'ပညာရဲရင့်၊ ပွဲလယ်တင့်' ဟူသကဲ့သို့ လူ့ဘုံအလယ်တွင် ဝင့်ထည်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ပညာသည် လူ့ဘဝအတွက် အရေးပါအသုံးဝင်လှပါသည်။

အသက်ရှင်သမျှ လူ့ဘဝကာလ သက်တမ်းကြီး တစ်လျှောက်တွင် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ပညာသည် အထူးတလည် အရေးကြီးလှသည်။ မိမိသည် အမှားအမှန်၊

mgyoe.com

mgyoe.com

အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားသိမြင်နိုင်ခြင်း မရှိပါက လူဖြစ်ရကျိုးနပ်မည်မဟုတ်ပေ။ လူဖြစ်ရှုံးမည်ဖြစ်သည်။ ထို့အပြင် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားမသိနိုင်ခြင်း မရှိသူသည် လူအဆင့်မဝင်ပေ။ တိရစ္ဆာန်အဆင့်၌သာ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် လူဖြစ်ရကျိုးနပ်စေရန် လူအဆင့်ဝင်စေရန် ပညာကို လေ့လာဆည်းပူးရမည်ဖြစ်သည်။ ပညာသည် လူသားများ၏အဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည်။ လေ့ကားထစ် တစ်ခုသဖွယ် အရေးပါအရာရောက်လှသည်။ ထို့ပြင် လူ့လောကတွင် မိမိတို့၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်သော အသက်မွေးဝမ်းကျောင်းပညာသည် အရေးပါလှသည်။ အသက်မွေးမှုဟူသမျှတွင် ပညာဖြင့်အသက်မွေးခြင်းသည် အမြင့်မြတ်ဆုံးဖြစ်သည်။

ပညာဟူသည်မှာ အတတ်ပညာနှင့် အသိပညာကို ပေါင်းစပ်ထားသော အရာတစ်ခုဖြစ်သည်။ အတတ်ပညာသာရှိပြီး အသိပညာမရှိပါက ပညာအမှန် မဖြစ် နိုင်၊ အသိပညာသာရှိပြီး အတတ်ပညာမရှိပါကလည်း ပညာအစစ်မဖြစ်နိုင်။ ထို့ကြောင့် အသိပညာနှင့်အတတ်ပညာ စွယ်တော်ရွက်ကဲ့သို့ နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်သည်။ အသိပညာနှင့် အတတ်ပညာ ပေါင်းစပ်မှသာလျှင် ပညာအစစ်အမှန် ဖြစ်နိုင်ပေမည်။

လူ့ဘဝ လူ့လောကကြီးတွင် အောင်မြင်သော ဘဝပိုင်ရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ရန်အတွက် ပညာသည် အရေးကြီးဆုံး အရေးပါအရာရောက်လှသည်။ အောင်မြင်မှုမှန်ကန်မှုသည် ပညာကို အခြေခံအရင်းပြု၍ ရရှိလာခြင်း ဖြစ်သည်။ ထို့ကြောင့် ပညာသည် အောင်မြင်သောဘဝပိုင်ရှင်တစ်ဦး ဖြစ်လာစေရန် အရင်းဖြစ်သည်။ နိမ့်ကျဆင်းရဲသော လူတစ်ဦးကို ဆင်းရဲသောဘဝမှ ကြီးပွားချမ်းသာသောဘဝအထိ ပြောင်းလဲနိုင်သဖြင့် ပညာသည် အရေးပါလှသည်။ အောင်မြင်သောဘဝပိုင်ရှင်များသည် ပညာကို အခြေပြုအရင်းတည်၍ ကြိုးစားသဖြင့် အောင်မြင်လာခဲ့ခြင်းဖြစ်သည်။ ပညာမပါဘဲ မည်သူမျှ အောင်မြင်သောဘဝကို မပိုင်ဆိုင်နိုင်ကြချေ။ ထို့ကြောင့် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် ပညာက အထောက်အပံ့ပေးနိုင်သောကြောင့် ပညာသည် လူ့ဘဝတွင် အရေးကြီးဆုံး ဖြစ်သည်။

လူ့ဘဝထဲသို့ စတင်ဝင်ရောက်ချိန်မှစ၍ လူ့ဘဝတည်ဆောက်နေချိန် အလယ်၊ လူ့ဘဝအဆုံးသတ်ချိန်အဆုံး စသည့်အချိန်သုံးချိန်စလုံးတွင် ပညာက ရှေ့ဆောင်လမ်းပြဖြစ်သည်။ လမ်းပြကောင်းလျှင် မိမိလိုရာခရီးကို ချောချောမောမော

mgyoe.com

mgyee.com


အဆင်ပြေစွာ ရောက်ရှိမည်။ လမ်းပြမကောင်းပါကမူ မိမိလိုရာခရီးကို လုံးဝရောက် နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် လမ်းပြကောင်းဖြစ်သော ပညာကို အချိန်မီလမ်းပြ ခိုင်းပါက မိမိခရီးလမ်း မျှော်လင့်ချက်ပန်းတိုင်ကို ချောချောမောမော ရောက်မည် ဖြစ်သည်။

လူ့လောကလူ့ဘဝတွင် အရွယ်သုံးပါးရှိသည်။ ပထမအရွယ် ငယ်ရွယ်စဉ် အခါက ပညာကိုသင်ရမည်။ ဒုတိယအရွယ် နုပျိုစဉ်အခါ၌ ဥစ္စာပစ္စည်းကို ရှာဖွေ ရမည်။ တတိယအရွယ် အိုမင်းသောအခါ တရားဘာဝနာများကို ပွားများကျင့်ကြံ အားထုတ်ရင်း ကုသိုလ်ရှာရမည့် အရွယ်ဖြစ်သည်။ ပညာရှာခြင်းသည် အဓိက အခြေခံကျလှသည်။ ပထမအရွယ်တွင် ပညာမရှိပါက ဒုတိယအရွယ်တွင် ဥစ္စာမရှာ နိုင်။ ဒုတိယအရွယ်တွင် ဥစ္စာမရှိပါက တတိယအရွယ်တွင် ကုသိုလ်မရှာနိုင်ချေ။ ထိုအခါ သေဆုံးသော် လူဖြစ်ရှုံးမည်ဖြစ်သည်။ ထို့ကြောင့်ပထမအရွယ်တွင် ပညာရှာထားမှသာလျှင် ဒုတိယအရွယ်တွင် ဥစ္စာရှာနိုင်၊ တတိယအရွယ်တွင် ကုသိုလ်ရှာနိုင်ပြီး လူဖြစ်ရကျိုးနပ်မည့် ဖြစ်သည်။

လူမှုအသေးအဖွဲ၊ သာရေး၊ နာရေးကိစ္စများမှအစ ကြီးကျယ်သောလုပ်ငန်း ကိစ္စကြီးများအဆုံး အရာရာအဆင်ပြေချောမွေ့စေရန် ပညာကရှေ့ဆောင်လမ်းပြပေး သည်။ ထို့ကြောင့် ပညာသည် အရာရာကို ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိသည်။ ပညာ သည် လူ့ဘဝတွင် ပြုမူပြောဆို ကျင့်ကြံနေထိုင်ကြံဆမှု၊ ကိုယ်စိတ်နှလုံးသုံးပါး စလုံးကို ချုပ်ကိုင်လမ်းပြပေးသည်။ ပညာရှိသူသည် အပြုအမူ၊ အပြောအဆို၊ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ညင်သာနူးညံ့ယဉ်ကျေးနေမည် ဖြစ်သည်။ ပညာမရှိ သူကမူ ကိုယ်စိတ်နှလုံးသုံးပါး ကြမ်းတမ်းရိုင်းစိုင်းနေမည် ဖြစ်သည်။ ထို့ကြောင့် ပညာသည် ဘဝ၏ရှေ့ဆောင်လမ်းပြဖြစ်သည်။

ကျွန်ုပ်တို့ ကျောင်းသားလူငယ်ကလေးများသည် ငယ်ရွယ်စဉ်ကပင် ပညာ ကို သူငယ်တန်းမှစ၍ ဆယ်တန်းအထိ အဆင့်ဆင့်တိုးမြှင့်၍ သင်ကြားခဲ့ရသည်။ တိုးမြှင့်သင်ကြားခဲ့ရသော အတန်းအဆင့်များအလိုက် အသိပညာများသည်လည်း တဖြည်းဖြည်း ပို၍ကျယ်ဝန်းလာသည်။ မူလတန်း၊ အလယ်တန်းတွင် သင်ခဲ့ရသော သားသမီးဝတ်ငါးပါးကြောင့် မိဘ၏ဂုဏ်ကျေးဇူးနှင့် မိဘကို ရိုသေလေးစားစွာ လုပ် ကျွေးပြီး ကျွေးမွေးရမည့်အသိကို ရင်ဝယ်ပိုက်ထားနိုင်အောင် ပညာက လှုံ့ဆော်ပေးနေသည်။ တပည့်ဝတ်ငါးပါးကို သင်ကြားခဲ့ရပြန်သဖြင့် ဆရာတို့ အပေါ် ထားရှိရမည့် တပည့်ကောင်း၏ သဘောကိုနားလည်ကာ တပည့်ကောင်း၊ ကျောင်းသားကောင်းများအဖြစ် ရပ်တည်နေနိုင်ခဲ့သည်။ လူမှုကျင့်ဝတ်များ လိုက်နာ

mgyee.com

mgyoe.com

တတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စည်းကမ်းရှိသေလိုက်နာခြင်း၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ပြီး ဖွံ့ဖြိုးရိုးရှိလုပ်တတ်လာခြင်း ရည်မှန်းချက်ကောင်းထား၍ ကြိုးစား အားထုတ်တတ်လာခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်တတ်လာခြင်း စသည်တို့သည် ပညာက ကျွန်ုပ်တို့ကျောင်းသားများကို ကောင်းကျိုးပြုခြင်းဖြစ်သည်။

ပညာကိုရှာကြသောအခါ တစ်ခါတစ်ရံ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြသော အခါ ဇွဲမကောင်းသူများမှာ လွယ်လွယ်နှင့် အရှုံးပေးတတ်သည်။ ထိုအခါတွင် အရှုံးမပေးဘဲ ဇွဲကောင်းကောင်းနှင့် ပညာကို ဆက်လက်ရှာဖွေပါက ပညာဉာဏ် ရင့်သန်လာသည်နှင့်အမျှ အောင်မြင်မှုများ ရနိုင်သည်။ လူ့ဘဝတွင် တတိယရပါက ဒုတိယရရန်၊ ဒုတိယရပါက ပထမရရန် ရည်မှန်းချက်အမျိုးမျိုးထား၍ ဆောင်ရွက် သင့်သည်။ ကျွန်တော်တို့သည်လည်း မူလတန်းပညာအရ အလယ်တန်းတွင် ပိုတော်ရန်၊ အလယ်တန်းပညာအရ အခြေခံပညာ အထက်တန်းတွင် ဘာသာစုံ ဂုဏ်ထူးနှင့် အောင်မြင်စေရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်သင့်သည်။ အခြေခံ ပညာ အထက်တန်းကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပါက မြန်မာနိုင်ငံ တွင်သာမက နိုင်ငံခြားတက္ကသိုလ်များတွင်ပါ သွားရောက်ပညာသင်ကြားပြီး အောင်မြင်သောဘဝတစ်ခုကို ထုဆစ်ဖန်တီး တည်ဆောက်နိုင်မည်ဖြစ်သည်။

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ် သိန်း ကာလပတ်လုံး ပါရမီမျိုးစုံဖြည့်၍ စရိယကိုကျင့်ကာ စွန့်ခြင်းကြီးငါးရပ်စွန့်ပြီး ကြိုးစားအားထုတ်ခြင်းဖြင့် အလုံးစုံတို့ကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့သည်။ သဗ္ဗညုတဉာဏ်တော်ပွင့်လင်းမှသာ ဘုရားအဖြစ် ဥဒါန်းကျူးရင့် နိုင်ခဲ့ သည်။

ဘုရားလောင်းမဟော်သဓာသည် ငယ်စဉ်ကပင် ဖွားဖက်တော်တစ်ထောင် နှင့် တရားစီရင်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီး၏ အမေးပြဿနာပုစ္ဆာများကို ဖြေရှင်း ခဲ့သည်။ ထို့ကြောင့်ပင် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပဂုတ်ဟူသော အမတ်ကြီးလေးဦး ကိုကျော်၍ ပညာရှိသုခမိန် ဖြစ်ခဲ့သည်။

မြတ်စွာဘုရား၏ လယ်ယာတော်ရံ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် မြတ်စွာဘုရားပြီးလျှင် ပညာအရာတွင် ဧတဒဂ်ရခဲ့သည်။

မောင်ခင်မင်(ဓနုဖြူ)၏ 'နှစ် ၄၀ ဘဝမှတ်တိုင်များ' စာအုပ်တွင် ငယ်ရွယ် စဉ်အခါက မိဘနှစ်ပါး ကွယ်လွန်ပြီး အဒေါ်ကြီးတစ်ဦး စောင့်ရှောက်မှုကို ခံရပြီး ဆင်းဆင်းရဲရဲ ပညာသင်ခဲ့သည်။ ပညာကိုမြတ်နိုး၊ ပညာကိုကြိုးစားခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဖြစ်ခဲ့သည်။ စာပေဆုများ

mgyoe.com

mgyoe.com


ချီးမြှင့်ခြင်းခံခဲ့ရသော နာမည်ရစာရေးဆရာ တစ်ဦးဖြစ်သည်။

'ပညာသမာ၊ အာဘာနတ္ထိ' ဟု မြတ်စွာဘုရား ဟောပြောခဲ့သည်။ ပညာနှင့်တူသော အလင်းရောင်မရှိဟု ဟောကြားခဲ့ခြင်းဖြစ်သည်။ မီးရောင်၊ နေရောင်၊ လရောင်၊ ဥာဏ်ရောင် လွှမ်း၍မိုးဟု ဆိုသကဲ့သို့ အလင်းရောင်တကာတွင် ပညာအလင်းရောင်သည် အလင်းလက်ဆုံး အတောက်ပြောင်ဆုံးဖြစ်သည်။ လူဟူ၍ဖြစ်ကတည်းက အောင်မြင်သောလူ့ဘဝကို တည်ဆောက်လိုလျှင် ပညာကိုရအောင်ရှာ၊ ပညာကို အရင်းပြု၊ ပညာ၏ရှေ့ဆောင်မှုဖြင့် ဘဝအောင်လံထူကြပါစို့။ ။

❖

mgyoe.com

mgyoe.com

## နှုတ်ချို သျှိုတစ်ပါး

မောင်ဇော်ဝဏ္ဏမောင်မောင်

နှုတ်သည် စကားပြောဆိုရာတွင် လိုအပ်သောအင်္ဂါဖြစ်သည်။ ချိုခြင်းမှာ သာယာနာပျော်သည်၊ ပြေပြစ်သည်၊ ချောမောသည်၊ နူးညံ့ပျော့ပျောင်းသည်ဟု ဆို လိုသည်။ သျှို၏အနက်မှာမူကား ပြီးမြောက်အောင်မြင်မှုဖြစ်သည်။ ထို့ကြောင့် နှုတ်ချိုသျှိုတစ်ပါးစကားပုံမှာ 'ချိုသောစကားသည် ပြီးမြောက်အောင်မြင်ခြင်း၏ အကြောင်း'တစ်ရပ်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ လူဟူ၍ဖြစ်လာလျှင် အရွယ် ရောက်လာသောအခါ စကားတတ်ကြစမြဲပင်ဖြစ်သည်။ သို့သော် စကားပြောတတ် ရန် လိုသည်။ ပိယဝါစာ ချိုသောစကားကို အမြဲအာဂုံဆောင်တတ်ရပေမည်။

ကလေးငယ်တို့၏ ချစ်စဖွယ်စကားပြောပုံကို တီတီတာတာပြောသည်ဟု ဆိုလေ့ရှိသည်။ တာခြင်းမှာ ချွဲနွဲ့ခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ တတွတ်တွတ် ချွဲနွဲ့ ပြောဆိုခြင်းကို တွတ်တီးတွတ်တာ ပြောသည်ဟုဆိုသည်။ ထိုကလေးမျိုးကို မည်သူမဆို ချစ်တတ်ကြသည်။ အချို့ကလေးများသည် စကားကိုပင် ပီသအောင် မပြောတတ်သော်ငြား မပီကလာပီကလာဖြင့် တီတာချွဲနွဲ့ပြောဆိုကာ လူကြီးမိဘ များထံမှ ချစ်ခင်ယုယမှုကို ရယူတတ်သည်။ မသင်ကြားရဘဲ သဘာဝအလျောက် ကတ်မြောက်လာသော ပညာဖြစ်သည်။ အချို့ကလေးများမှာ မိမိ၏ဆန္ဒကို ငိုယို စိတ်ကောက် တောင်းခံတတ်သည်။ ယင်းမှာ မကောင်းသောစရိုက်ဖြစ်၍ မင်္ဂလာ မရှိပါ။ ငိုယိုတောင်းခံ၍ ရရှိလာသော ပိုင်ဆိုင်မှုသည်လည်း တန်ဖိုးမရှိပါ။ ထို့ ကြောင့် မိမိလိုချင်သောဆန္ဒကို ပေးချင်လာအောင် စကားအရာလိမ္မာစွာဖြင့် တီတီ တာတာ တောင်းဆိုတတ်ရန် ငယ်စဉ်ကလေးဘဝကတည်းက လေ့ကျင့်ရန်လိုအပ်

mgyoe.com

သည်။

လူတိုင်းသည် မိမိအရွယ်ဂုဏ်သိက္ခာနှင့် လိုက်ဖက်သော စကားကို ဆိုကြရမည်။ အမှန်တကယ် မပြုလုပ်မဆောင်ရွက်နိုင်ဘဲ သူတစ်ပါးအထင်ကြီးစေရန် လုပ်ကြံပြောဆိုခြင်းကို ရှောင်ရမည်။ စကားကို အကြီးအကျယ်ပြောပြီး လက်တွေ့ဖြစ်မလာနိုင်ပါက မိမိ၏စကားမှာ လုံးဝတန်ဖိုးမရှိတော့ပါ။ လောကတွင် အမှန်တကယ် ထူးချွန်ခြင်းရှိသူများသည် စကားများများ မပြောတတ်ကြောင်း တွေ့ရသည်။ မပြည့်ဝသူများသည် ၎င်းတို့၏ လိုအပ်ချက်များကို လေဖြည့်ဖြည့်တတ်သည်။ ယင်းမှာလည်း မကောင်းသော အကျင့်စရိုက်ဖြစ်သည်။ ထို့ကြောင့် မိမိနေရာရအောင် မိမိအား အရေးတယူရှိအောင် ဆွဲဆောင်ရာတွင် စကားကိုတန်ရုံပြောပြီး အလုပ်ဖြင့် သက်သေပြတတ်ရန် လိုအပ်သည်။

စကားပြောရာတွင် သွက်လက်ချက်ချာရန်လည်း လိုသည်။ ၎င်းကို အာသွက်လျှာသွက် ရှိသည်ဟုဆိုသည်။ အကြောင်းအရာတစ်ခုအပေါ်တွင် ဒိုးခနဲ ဒေါက်ခနဲ ချက်ချင်းတုံ့ပြန် ပြောတတ်ရမည်။ ခွေးအကြီးလှည်းနင်းသလို တအီအီနှင့် ပြန်မပြောတတ်ဘဲ သူတစ်ပါးပြောသမျှ ခေါင်းငုံ့ခံသူများမှာ လူညံ့များဖြစ်သည်။ ဉာဏ်သည် သွေးမှထက်သော ဦးနှောက်အတွင်းက ဓားတစ်လက်ဖြစ်ရာ ဉာဏ်ကို အစဉ်ထက်မြက်နေစေရန် ကြိုးစားတတ်ရပါမည်။ ထို့အတူ စကားကိုလည်း ပြောရဲဆိုရဲရှိရန် လိုအပ်သည်။ မဝံ့မရဲစိတ်ဖြင့် တွန့်ဆုတ်နှုတ်ပိတ်နေသူများသည် အလိုလိုနေရင်း သူတစ်ပါးနောက်သို့ ရောက်သွားရမည်။ လူတိုင်း၌မွေးကတည်းက စကားပြောရန် ပါးစပ်ပါရာ စကားကိုပြောရမည်။ ပြောရဲရမည်။ ပြောတတ်အောင် လေ့ကျင့်ရမည်။ သို့မှသာ လူရာဝင်မည်ဖြစ်သည်။

စကားကို ထိထိမိမိ အချက်ကျကျ ပြောတတ်ရန်လည်း လိုသည်။ ယင်းမှာ ရန်တွေ့ခြင်းမဟုတ်ပါ။ ချိုသာစွာဖြေရှင်းတတ်ခြင်းဖြစ်သည်။ အချက်ကျကျ ပြောတတ်ရန်မှာ အချက်အလက် ခိုင်မာတိကျရန် လိုသည်။ တစ်ပါးသူ ငြင်းချက်မထုတ်နိုင်အောင် ချည်နှောင်ပြောတတ်ရမည်။ စကားကို ကွက်တိချိန်ကိုက် ပြောတတ်သည်မှာ သူတစ်ပါး၏ စိတ်ဝင်စားမှု လေးစားမှုကို ရနိုင်သည်။ သို့သော် သူတစ်ပါး၏ အားနည်းချက်ကိုနင်း၍ ချုပ်ကပ်ခြင်း၊ သူတစ်ပါး၏ ပျော့ကွက်ကို ဖိနင်းပြောဆိုခြင်း၊ သူတစ်ပါး၏ အနာပေါ်တုတ်ကျစေမည့် ပြောဆိုခြင်းများကို အထူးရှောင်ရှားရမည်။ နှုတ်ကြောင့်ကြေ၊ လက်ကြောင့်သေဟူသော စကားရှိသည်။ ထို့ကြောင့် နှုတ်ကို စည်းစောင့်ဖို့လိုသည်။ မဆင်မခြင်၊ မစဉ်းမစား၊ စည်းလွတ်ဘောင်လွတ်မပြောသင့်ပါ။

mgyoe.com

မြန်မာ့စကားပုံတွင် ဆိုခဲစေ၊ မြဲစေဟူ၍ ရှိပါသည်။ ကတိစကားကို အလွယ်တကူ မပေးမိစေရန်နှင့် ပေးမိသောကတိကို တည်မြဲနိုင်ရန် ကြိုးစားကြရမည့် သတိပေးစကားဖြစ်သည်။ မင်းမှာသစ္စာ လူမှာကတိဟုဆိုသည်။ နှုတ်ကတိကို လွယ်လွယ်မပေးမိစေရန် ဆင်ခြင်ကြရမည်။ ထို့အတူ စကားကို ယုတ္တိရှိရှိပြောရန် လိုအပ်သည်။ စကားတစ်ခွန်းသည် အဓိပ္ပာယ်ရှိရန်လိုပြီး အကြောင်းရှိရန်လိုသည်။ ဇာစ်မြစ်ခိုင်မာရန်လိုသည်။ စကားကို ချဲ့ကားပြောဆိုခြင်းသည် အကျိုးယုတ်မှုကိုသာ ဖြစ်စေသည်။ အချို့သော ကောလာဟလများသည် လူတစ်ယောက်၏ ဘဝကို စုတ်ပဲ့သွားသည်အထိ ပြင်းထန်ထိရှစေတတ်သည်။ တစ်စိတ်မှတစ်အိတ် ဖြစ်သွားတတ်သည်။ သတိဖြင့်ဆင်ခြင်ရမည်။

နှုတ်ဖျားတွင် အမြဲတမ်း ရှိထားသင့်သောစကားမှာ ကျေးဇူးဖြစ်သည် ကျေးဇူးစကားသည် ယဉ်ကျေးသိမ်မွေ့မှု၏ လက္ခဏာတစ်ခုဖြစ်သည်။ ကျေးဇူးတင် ထိုက်သူကို တင်ခြင်းမှာ မင်္ဂလာတစ်ပါးဖြစ်သည်။ အချို့သူများမှာ ကျေးဇူးတင် ကြောင်းပြောရန်ကို အလွန်ဝန်လေးကြသည်။ ထိုသူများမှာ တစ်ကိုယ်ကောင်း ဆန်သူ မာနကြီးသူ၊ ဘဝင်မြင့်သူများဖြစ်သည်။ ယင်းမှာ အားကျအတုမယူသင့် သော စရိုက်ဆိုးဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် 'ကျေးဇူးတင်ပါသည်' ဟူသော နှစ်လိုဖွယ်စကားက အလွန်သာသွားကြောင်း တွေ့နိုင်ပါသည်။

စကားကို ပြေပြေပြစ်ပြစ် ပြောဆိုတတ်ရန်လည်း လိုအပ်လှသည်။ ပြေပြစ် ချောမွေ့မှန်ကန်ခြင်းတို့ကြောင့် စီးပွားရေးနယ်ပယ်၌ အောင်မြင်မှုများ ရရှိ စေနိုင်သည်။ ချိုသာသောစကားသည် နိုင်ငံတကာ ဆက်ဆံရေး၌လည်း အရေးပါ လှသည်။ သဘောမသွားဟူသော ကြမ်းတမ်းသည့် နှုတ်ထွက်စကားတစ်ခွန်း ကြောင့် ဝိဋူဍုပမင်းသားက သာကီဝင်မင်းများကို စစ်ခင်းခဲ့ရာ ကပိလဝတ်ပြည် ပျက်ခဲ့ရသည့် သာဓကရှိသည်။ ပုဂံရာဇဝင်တွင် ရှင်ဒိသာပါမောက္ခ၏ ချိုသာပြေပြစ် သောစကားကြောင့် မွန်ဂိုတရုတ် ကူဗလိုင်ခန်မင်းကြီးက စစ်ပြေငြိမ်းခဲ့သဖြင့် ပုဂံ နေပြည်တော်ပျက်ကိန်းမှ လွတ်မြောက်ခဲ့ရသည်။

စကားကို တဲ့တိုးမပြောဘဲ သူတစ်ပါးနားဝင်ချိုအောင် လက်ခံချင်လာ အောင် စိတ်ပါဝင်စားအောင်၊ ပရိယာယ်သုံး ပြောတတ်ခြင်းကို စကားပရိယာယ် ကြွယ်ဝသည်ဟုဆိုသည်။ စကားပရိယာယ်ကြွယ်စေရန် စာဖတ်ရမည်။ သို့မှသာ စကားကို ပရိယာယ်ကြွယ်ကြွယ်ဝဝ၊ ဝေါဟာရပေါပေါများများနှင့် ဗဟုသုတစုံစုံ လင်လင် ပြောတတ်ပြီး လူရာဝင်သူဘဝသို့ ရောက်ရှိနိုင်ပါမည်။

အနာယကဂုဏ်ခြောက်ပါးရှိသည်။ အနာယကသည် အကြီးအကဲဂုဏ်နှင့်

mgyoe.com

mgyoe.com


မထိုက်တန်သည့် အကျင့်များဖြစ်သည်။ 'ကဏှာန်း၊ ပုတ်သင်၊ ကိုင်းပင်၊ လိပ်မျိုး နွားသိုး၊ ခွေးအ၊ အနာယက' ဟူ၍ဖြစ်သည်။ ဂဏှာန်းသည် ညှပ်တတ်သည်။ သူတစ်ပါးကို ညှပ်ပူးညှပ် ပိတ်မပြောသင့်ပါ။ ပုတ်သင်သည် ခေါင်းညိတ်သည်။ သူတစ်ပါး ပြောသမျှမဆင်ခြင်ဘဲ ခေါင်းညိတ်လက်မခံသင့်ပါ။ ကိုင်းပင်သည် ယိမ်းတတ်သည်။ သူတစ်ပါးပြောတိုင်း စိတ်မယိုင်သင့်ပါ။ လိပ်မျိုးသည် ကိုယ့်ဘက် ကိုယ်ယက်တတ်သည်။ တစ်ကိုယ်ကောင်းဆန်စွာ တစ်ဖက်သတ် မပြောသင့်ပါ။ နွားသိုးသည် ငေ့တတ်သည်။ နေရာတိုင်းတွင် ရန်မလိုသင့်ပါ။ ခွေးအသည် ဟောင်တတ်သည်။ စကားကို ဟောင်ဖွာဟောင်ဖွာ မပြောသင့်ပါ။ သို့မှသာ ခေါင်းဆောင်ကောင်းဖြစ်နိုင်သည်။ ထို့ကြောင့် ဟောင်လွန်းသည့်ခွေး၊ လူမလေး ဆိုသကဲ့သို့ အပြောကိုလျှော့၍ အလုပ်ဖြင့် သက်သေပြတတ်ကြရမည်။

စကားကို ချိုသာစွာပြောရမည်ဖြစ်သော်လည်း မုသားစကားကို ပျားသကာ ဖုံးကာ လှည်းဖြားပြောဆိုခြင်းကိုမူ လုံးဝရှောင်ကြဉ်ရပါမည်။ 'စကား၊ စကား ပြောပါများ စကားထဲက ဇာတိပြ' စကားပုံရှိသည်။ စကားသည် လူတစ်ယောက်၏ ပင်ကိုစရိုက်နှင့် အရည်အသွေးကို မီးမောင်းထိုးပြနိုင်သော ကိရိယာတစ်ခုဖြစ်သည်။ လူတစ်ဦး၏ ဇာတိရုပ်ကို သူ၏စကားက ပီပီပြင်ပြင် ဖော်ပြနိုင်သည်။ ထို့ကြောင့် စကားကို တည်တည်ကြည်ကြည် လေးလေးနက်နက် ချိုချိုသာသာ ပြောဆိုကြရ မည် ဖြစ်ပါသည်။

စကား၏တန်ဖိုးမှာ အလွန်ကြီးမြင့်သည်။ ရန့်ရင်းကြမ်းတမ်းသော စကား၊ ပက်စက်သောစကားများသည် အလွန်ရုက်ဖွယ် ကောင်းလှသောကြောင့် ရှောင်ကြဉ် ရပါမည်။ နှုတ်ချိုသျှိုတစ်ပါးဆိုသည့် စကားပုံကို လိုက်နာရပါမည်။ စကားအရာ လိမ္မာရပါမည်။ စကားဖြင့် စာရိတ္တကို အလှဆင်ရပါမည်ဟု ဆုံးဖြတ်မိပါသည်။ အစဉ်အမြဲ စွဲမှတ်လျက်ရှိသည့် ရှင်မဟာရဋ္ဌသာရ ဆရာတော်၏ ဆုံးမစာကို ရေရွတ် ရင်း နိဂုံးချုပ်လိုက်ပါသည်။

"တစ်ယောက်စကား
တစ်ယောက်နားမှာ
မခါးရအောင်
သတိဆောင်၍
မောင်တို့ဆိုစေ
ပျားသကာသို့ချိုလှစေ"။

❖

mgyoe.com

mgyoe.com

# စည်းလုံးမှုအကျိုး

မောင်ဇော်ဝဏ္ဏမောင်မောင်

လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် ယနေ့တိုင်အောင် အဓွန့်ရှည်စွာ တည်တံ့နေနိုင်ခြင်းမှာ လူတို့၏ စည်းလုံးမှုကြောင့်ဖြစ်သည်။ အောင်မြင်ခြင်းဟူသည့် အသီးအပွင့်ကို ခံစားလိုပါက စည်းလုံးညီညွတ်ခြင်းဟူသည့် မျိုးစေ့ကို စတင်ကြဲဖြန့်ရမည်ဖြစ်သည်။ သို့မှသာ အောင်မြင်ခြင်းဟူသည့် အသီးအပွင့်သည် စည်းလုံးညီညာခြင်းဟူသည့် အပင်မရှိဘဲ မပွင့်သီးနိုင်ပါ။ ထို့ကြောင့် အောင်မြင်ခြင်းဟူသည့် အသီးအပွင့်ကို ခံစားလိုသူတိုင်း စည်းလုံးညီညာခြင်းဟူသည့် မျိုးစေ့ကို ဦးစွာ ကြဲဖြန့်စိုက်ပျိုးရမည် ဖြစ်သည်။

လူဟူ၍ဖြစ်လာလျှင် စည်းလုံးညီညာခြင်းသည် လူမျိုးစုတစ်စုအတွက်သာမက နိုင်ငံတစ်နိုင်ငံ၊ ကမ္ဘာအတွက်ပါ အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အရင်းစစ်လျှင် အမြစ်မြေဂုဏ် ဟုဆိုသကဲ့သို့ ဤကမ္ဘာမြေပေါ်တွင် ကိုယ့်နိုင်ငံနှင့်ကိုယ် မားမားမတ်မတ် တည်တည်တံ့တံ့ ရပ်တည်နေနိုင်ခြင်းမှာ လူသားများ၏ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် အစဉ်အဆက်တို့၏ ကျောက်ခေတ်တွင် ကျောက်ခေတ်လူသားတို့သည် စည်းလုံးညီညွတ်စွာဖြင့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးစားသောက်ခဲ့သဖြင့် တိရစ္ဆာန်များ၏ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။ အကယ်၍ ကျောက်ခေတ်လူသားတို့သည် တိရစ္ဆာန်များကို မဖမ်းဆီးနိုင်ဘဲ တိရစ္ဆာန်များကသာ လူသားများကို စားသောက်ခဲ့လျှင် ယနေ့မျက်မှောက်ကမ္ဘာတွင် ကျွန်ုပ်တို့ ရှင်သန်ဟည်ရှိရန် မဖြစ်နိုင်ပေ။

mgyoe.com

mgyee.com


အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုသကဲ့သို့ စည်းလုံးညီညွတ်မှုမရှိဘဲ ဖရိုဖရဲ နိုင်လှသော တိုင်းပြည်နှင့်လူမျိုး မှန်သမျှသည် ကမ္ဘာပေါ်တွင် နိုင်ငံအဖြစ်ပင် သတ်သတ်မှတ်မှတ် မရပ်တည်နိုင်ဘဲ ပြိုပျက်သွားသည်များကို သမိုင်းစာမျက်နှာများတွင် တွေ့ဖူးသည်။ ယခုမျက်မှောက်ခေတ် သိပ္ပံခေတ်တွင် မိုးထိတိုက်တာ အဆောက်အအုံများ၊ အမျိုးမျိုးသော တီထွင်မှုများ၊ လမ်းတံတား၊ မော်တော်ကား၊ ဆေးပညာဘက်တွင် သိပ္ပံပညာရှင်များ၏ ဆန်းသစ်သော တွေ့ရှိချက်များနှင့်အတူ လူသားတို့၏ လူနေမှုအဆင့်အတန်း တိုးမြှင့်လာခြင်းသည် အောင်မြင်မှုဟူသည့် အသီးအပွင့်များပင်ဖြစ်သည်။ အကယ်၍ လူသားအချင်းချင်း စိတ်ဝမ်းကွဲကာ သတ်ဖြတ်နေကြလျှင် ကမ္ဘာကြီးကား ယမ်းငွေ့တလူလူနှင့် စက်ဆုပ်ဖွယ်ကောင်းနေလိမ့်မည်။

ညီညွတ်ခြင်းသည် အင်အားနှင့် အောင်မြင်မှုသို့ တွန်းပို့နိုင်ကြောင်း သမိုင်းအစဉ်အဆက်လူသားများက ယုံကြည်ချက်ထားရှိခဲ့ပြီ ဖြစ်သည်။ ယင်းယုံကြည်ချက်သည် ပုံပြင်မှုမဟုတ်၊ ဒဏ္ဍာရီမှုမဟုတ်၊ လက်တွေ့မှ ထားရှိသော ယုံကြည်ချက်ပင် ဖြစ်သည်။ သမိုင်းရေစီးကြောင်းတွင် မျောပါနေသော လူသားတို့သည် ညီညွတ်ခြင်းနှင့် အောင်မြင်မှုကို ခွဲခြား၍ မရနိုင်တော့ပြီဖြစ်သည်။

လက်တွေ့က စာတွေ့ထက်ပို၍ အကျိုးသက်ရောက်မှုရှိသည်ဟု ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုကို အလေးမထားသူများသည် စည်းလုံးညီညွတ်မှုမရှိခြင်း၏ ဆိုးကျိုးကိုခံစားရမှ စည်းလုံးညီညွတ်မှုကို တန်ဖိုးထားကြသည်။ ထင်ရှားသော အဖြစ်အပျက်သာဓကမှာ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းက ဖြစ်ပွားခဲ့သော ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးသည် လူ့ဘုံမြေကမ္ဘာကြီးကို သုသာန်မြေဖြစ်စေသကဲ့သို့ အပြစ်ကင်းမဲ့သော ပြည်သူထောင်သောင်း မြောက်မြားစွာတို့သည်လည်း အသက်ကိုစတေးခံခဲ့ရသည်။ စည်းလုံးညီညွတ်မှုမရှိခြင်း၏ ဆိုးကျိုးသည် ကြောက်စရာကောင်းလွန်းလှသည်။

ထိုသာဓကထက်ပို၍ တိကျထင်ရှားသော သာဓကတစ်ခုရှိသည်။ ယင်းသာဓကမှာ ကျီးကန်းများပင်ဖြစ်သည်။ ကျီးကန်းများသည် တစ်ကောင်တည်းတွေ့ရှိ ရသော အချိန်ကာလသည် အလွန်နည်းပါးလွန်းသည်။ ကျီးကန်းများသည် အုပ်လိုက်တစုတဝေး သိုက်သိုက်ဝန်းဝန်း သွားလာကျက်စား နေထိုင်ကြသည်။ ကျီးကန်းတစ်ကောင်ကောင်ကို ခဲလုံးဖြင့်ပစ်၍ ထိသွားပါလျှင် အမိုးအကာရှိသော အိမ်ထဲသို့ပြေးဝင်၍ နားကိုအမြန်ပိတ်ရန် လိုအပ်လှသည်။ အမိုးအကာရှိသော အိမ်ထဲသို့ဝင်ရခြင်းမှာ ကျီးကန်းအဆိတ်မခံရစေရန်ဖြစ်ပြီး နားပိတ်ရန်မှာ ကျီးကန်း

mgyee.com

mgyoe.com


များ ၏ တအအမြည်သံကို မကြားရစေရန်ဖြစ်သည်။

မြန်မာ့သမိုင်းတွင်လည်း သီပေါမင်းလက်ထက်တွင် မြန်မာတို့သည် စည်းလုံးမှု ပျက်ပြားနေသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ အင်္ဂလိပ်တို့က ထွက်ပေါက်မှစောင့်သော ဖျိုင်းကဲ့သို့ အသာလေး သေနတ်တစ်ချက်မဖောက်ဘဲ အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။ အင်္ဂလိပ်တို့၏လက်အောက်မှ လွတ်မြောက်နိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်သို့ စစ်အတတ်ပညာ သွားရောက်သင်ကြားပြီး ကိုလိုနီဂျပန်တို့နှင့် အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သည်။ ထိုအခါမှ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး အခြေအနေ ဖြစ်ခဲ့ရသည်။ ဂျပန်ကိုလိုနီနယ်ချဲ့တို့သည် မြန်မာတို့ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ မြန်မာတို့သည် နယ်ချဲ့တို့၏ လက်အောက်တွင် နှစ်ပေါင်း ၁၀၀ခန့် ကျရောက်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာတို့၏ ညီညွတ်မှုကြောင့် ၁၉၄၈ ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။

ထို့ပြင် ထင်ရှားသော အခြားသာဓကများလည်း ရှိသည်။ ထိုသာဓကများထဲမှ အစိုးရကပင် ရုပ်တုဖြင့် ဖော်ပြထားသော ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ ထိုဇာတ်လမ်းသာဓကလေးမှာ အဘိုးအိုတစ်ယောက်တွင် သားသုံးယောက်ရှိသည်။ တစ်နေ့တွင် အဘိုးအိုသည် သားသုံးယောက်အား ထင်းစည်းတစ်စည်းကို ပေး၍ တစ်ယောက်ပြီးတစ်ယောက် ချိုးသော်လည်း ထင်းစည်းကမကျိုးနိုင်။ ထိုအခါ အဘိုးအိုက ထင်းစည်းကိုဖြည်စေ၍ တစ်ယောက်တစ်ချောင်းစီ ချိုးစေသည်။ သားတို့သည် ထင်းစည်းများကို အလွယ်တကူချိုးနိုင်သည်။ အဘိုးအိုက ထင်းစည်းကို အစည်းလိုက်ချိုးသော်မကျိုးနိုင်၊ တစ်ချောင်းစီချိုးသော် ကျိုးနိုင်သည်။ ချစ်သားကို့သည် ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြပါဟု ဆုံးမလေသည်။ ထိုနေ့မှစ၍ ညီအစ်ကိုသုံးဦးသည် ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံး နေကြသည်။

ထို့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့၊ ကမ္ဘာသူကမ္ဘာသားအပေါင်းတို့သည် စည်းလုံးညီညွတ်မှသာ ကမ္ဘာကြီးအခွန့်ရှည် တည်တံ့နိုင်မည်ဖြစ်သည်။ ။

❖

mgyoe.com

mgyoe.com

# သီတင်းကျွတ်မီးထွန်းပွဲတော်

မောင်ဇော်ဝဏ္ဏမောင်မောင်

သီတင်းကျွတ်တော့မည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သီတင်းကျွတ်ပွဲတော်ကြီး နီးကပ်လာလေလေ ကြည်နူးပီတိဖြစ်ရလေလေ ဖြစ်သည်။ ထူးကဲသော အတွေ့အကြုံများနှင့် ပျော်ရွှင်ရတော့မည်။ သီတင်းကျွတ်ကာလသို့ ချဉ်းနင်းဝင်ရောက်လာသည်နှင့် ကျွန်တော်တို့ လှုပ်လှုပ်ရှားရှား ဖြစ်ရလေသည်။

ပွဲတော်ကိုဆင်နွှဲရန် ကျောင်းများ ရက်ရှည်ရှည် ပိတ်တော့မည်ဖြစ်သည်။ လပတ်စာမေးပွဲဖြေဆိုရန် အစွမ်းကုန်ပြင်ဆင်နေကြရသည်။ တစ်ချိန်တည်းမှာပင် ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများကို ကျွန်တော်တို့ တတ်အားသမျှနှင့် ပူဇော်ကန်တော့ကြမည့် အာစရိယပူဇော်ပွဲအတွက် လုံးပန်းနေကြရသည်။ အပြစ်ရှိသမျှ ဝန်ချတောင်းပန်သံ၊ ခွင့်လွှတ်သံ၊ ဆုပေးသံ၊ ဆုယူသံတို့ကို သီတင်းကျွတ်ပွဲတော်မတိုင်မီကပင် စတင်ကြားရတော့မည် ဖြစ်သည်။

မြန်မာတို့သည် အလွန်ဂုဏ်ယူစရာ၊ ပီတိဖြစ်စရာကောင်းသော ကောင်းမှုတစ်ခုကို သီတင်းကျွတ်အခါတွင် ပြုလုပ်လေ့ရှိသည်။ ယင်းမှာ အဘိုးအဘွားများ၊ အမိအဖများ၊ အစ်ကိုအစ်မများ၊ ဦးကြီးဒေါ်ကြီးများနှင့် သက်ကြီးရွယ်အိုများ ဆရာ၊ ဆရာမများကို လှူဖွယ်မုန့်ပစ္စည်းများနှင့်အတူ လက်ဆယ်ဖြာမိုး၍ ရှိခိုးကန်တော့ခြင်းဖြစ်သည်။ ဤသို့ကန်တော့ရာတွင် အကန်တော့ခံ ပုဂ္ဂိုလ်များကိုလည်း ပီတိဖြစ်စေသည်။ ကန်တော့ရသူများအဖို့မှာလည်း ဝမ်းသာအားရ ပျော်ရွှင်မှုဖြစ်စေသည်။ အလွန်မွန်မြတ်သော ရိုးရာဓလေ့ဖြစ်သည်။ သီတင်းကျွတ်ပွဲတော်ကာလသည် ဒါနကုသိုလ်ရရှိစေသော အချိန်အခါဖြစ်သည်။

mgyoe.com

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီး ဖြစ်လာရခြင်းမှာလည်း မှတ်သားဖွယ်ထိုက်လှသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က မိခင်ဟောင်းဖြစ်ခဲ့ဖူးသော မယ်တော်မာယာသည် တာဝတိံသာနတ်ပြည်တွင် နတ်သားဖြစ်လျက်ရှိရာ မိခင်၏ မွေးကျေးဇူးကို ဆပ်သောအားဖြင့် ဂေါတမဘုရားရှင်သည် မယ်တော်မိနတ်သားရှိရာ နတ်ပြည်သို့တက်၍ မယ်တော်နတ်သားအား အမှူးထားကာ နတ်ဗြဟ္မာအပေါင်းအား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ(၇)ကျမ်းကို ဟောကြားတော်မူခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာမှ လူ့ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံကာ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ကြွဆင်းလာခဲ့သည်။ ဤသည်ကို မြင်တွေ့ကြသော သင်္ကဿနဂိုရ်ပြည်၊ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်နှင့် ဗာရာဏသီပြည်သားတို့က ကြည်ညိုသဒ္ဓါပွားကာ ဆီမီးများ ထွန်းညှိပူဇော်ကြိုဆိုခဲ့ကြည်။

ဤသည်ကို အစွဲပြု၍ ဗုဒ္ဓဘာသာဝင်တို့သည် ထိုနေ့ထိုအခါ ပွဲသဘင်ဆင်ယင်ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ သီတင်းကျွတ်မီးထွန်း ပွဲတော်ကြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်ညတွင်မူ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့အိမ်ရှိဘုရားဌာသာမက အိမ်ရှေ့ပြတင်းပေါက်များ၊ အိမ်ဝင်းပတ်ပတ်လည်များ၌ ရောင်စုံစက္ကူမီးပုံး၊ လျှပ်စစ်မီးရောင်စုံတို့ကို အစီအရီချိတ်ဆွဲ ထွန်းညှိထားသည်။ ကလေးငယ်တို့က မီးရှူးမီးပန်းများဖြင့် ဆော့ကစားကြသည်။ အချို့ကမူ တန်ခိုးကြီးဘုရားများသို့သွားကာ ဆီမီးပူဇော်ကြသည်။ အသင်းအဖွဲ့အလိုက် တခမ်းတနား၊ တပျော်တပါး မီးထွန်းပူဇော်ကြသည်။ လပြည့်နေ့၌ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းများ ပူဇော်ခြင်းနှင့် သီတင်းသီလ ဆောက်တည်ခြင်းများကို ပြုလုပ်ကြသည်။

သီတင်းကျွတ်ပွဲတော်၏ ထူးခြားမှုတစ်ရပ်မှာ မီးပုံးပျံများ လွှတ်တင်ခြင်းဖြစ်သည်။ မီးပုံးကို အကြီးအသေး အမျိုးမျိုးပြုလုပ်ကြပြီး မီးပုံးကြီးများအဖြစ်ပြုလုပ်ကာ မီးစာညှိလွှတ်တင်သည်။ သီတင်းကျွတ်အခါ၌ ညဥ့်ကာလ ကောင်းကင်ယံတွင် မီးပုံးပျံများဖြင့် ကြယ်ကလေးများ အလှချင်းပြိုင်နေကြပါသည်။ ထိုသို့မီးပုံးပျံလွှတ်ခြင်းသည် တာဝတိံသာရှိ စူဠာမဏိစေတီတော်ကို ပူဇော်သည့် အထိမ်းအမှတ်ဖြစ်သည်ဟုဆိုသည်။

အစဉ်အလာအရ ဝါတွင်းတွင် လက်ထပ်ထိမ်းမြားခြင်းမပြုရသေး၍ ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစကာ မင်္ဂလာအခမ်းအနားများ ကျင်းပတော့သည်။ ကျွန်တော့်အိမ်သို့ မင်္ဂလာဖိတ်စာများ မကြာခဏ

mgyoe.com

mgyoe.com


ရောက်လာကြသည်။ မင်္ဂလာခန်းမများစွာတို့သည်လည်း မနားရတော့ပါ။ သတင်းစာများတွင် သီတင်းကျွတ်ပွဲတော်သည်ကား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်နွှဲကြခြင်းဖြစ်ပါသည်။ ပွဲတော်ကာလသုံးရက် လွန်မြောက်ပြီးသော်လည်း သီတင်းကျွတ်ကျောင်းပိတ်ရက်ကား မပြီးသေးပါ။ ရပ်ဝေးသို့ အပျော်ခရီး၊ ဘုရားဖူးခရီး၊ ပူဇော်ကန်တော့ခရီး စသည်ဖြင့် ခရီးထွက်ကြသူများစွာ ရှိပါသည်။

သီတင်းကျွတ်ပွဲတော်ကြီးကို သဘာဝအလှအပများက အားဖြည့်တင့်တယ်စေခဲ့သည်။ ကျယ်ပြန့်သော ကောင်းကင်တွင် တိမ်ညိုတိမ်မည်းများ ကင်းရှင်းပြီး လမင်း၏အလင်းရောင်က ထွန်းလင်းတောက်ပနေသကဲ့သို့ ပဒုမ္မာကြာတို့သည် ရေကန်ငယ်များဆီမှ ဝတ်လွှာကို မရဲတရဲဖွင့်ကာ လမင်းကို မော့ကြည့်ပူဇော်နေကြသည်။ ကြာဖြူ၊ ကြာနီတို့ဖြင့် ပန်းတင့်လှသော သီတင်းကျွတ်အလှအပ ဖြစ်သည်။ ယခုကဲ့သို့ သီတင်းကျွတ်ပွဲတော်ကြီး ဆင်နွှဲနေသည့် အချိန်အခါတွင် မိုးနောက်ဆုတ်၍ရေနည်းပါးလာမှုကို အခွင့်ယူကာ မြစ်ချောင်းအင်းအိုင်တို့အတွင်း ငါးမျှားငွေရှာသူများ၊ ပင်လယ်ပြင်သို့ ငါးမျှားထွက်ကြသော အဏ္ဏဝါရေလုပ်သားကြီးများကြောင့် ငါး၊ ပုစွန်များပေါများလှသည်။

သီတင်းကျွတ်အခါ သမယတွင် တူရာသီဖြစ်၍ မြန်မာ ၂၉ ရက်ရှိသည့် အပြင် နေ့တာညတာတူညီသော ကာလဖြစ်ရာ ထူးခြားသော လထူးလမြတ်ကြီးဖြစ်နေသကဲ့သို့ သီတင်းကျွတ်ပွဲတော်ကြီးသည်လည်း လောကီလောကုတ္တရာ နှစ်ဖြာအကျိုးဖြစ်ထွန်း၍ အပြစ်ကင်းစင်သော ပွဲတော် ဆယ့်နှစ်လရာသီ ပွဲတော်များအနက် အကျိုးများ၊ အကျိုးပွားသောပွဲတော်၊ မိခင်ကျေးဇူးကို ဘုရားရှင်က ဖော်ကျူးသာဓကပြခဲ့သောပွဲတော်၊ ဆုပေးသံ၊ ဆုယူသံ စသည်ဖြင့် ကျက်သရေမင်္ဂလာရှိသော ပွဲတော်ကြီးဖြစ်သည်။ ဤရာသီသည် ကုသိုလ်ရေးနှင့် ပျော်ပွဲရွှင်ပွဲ ယှဉ်တွဲဆင်နွှဲကြရသော မြန်မာတို့၏ ချစ်စရာရိုးရာ အစဉ်အလာတစ်ရပ်ဖြစ်ပေရာ မိသားစုစုံညီစွာ ကုသိုလ်ကောင်းမှုပြုခွင့်ရပြီး စိတ်လက်ကြည်နူးစွာ သွားရောက်လည်ပတ်ခွင့်ရရှိသော သီတင်းကျွတ်ပွဲတော်ရက်များသည် ကျွန်တော့်အတွက် ပျော်ရွှင်စရာအကောင်းဆုံးရက်များ ဖြစ်သည်။ ။

❖

mgyoe.com

# ပုဂံ

မောင်ဇော်ဝဏ္ဏမောင်မောင်

ရှေးမြန်မာဘုရင်များ၊ နန်းစိုက်စိုးစံခဲ့သော ပုဂံမြို့သည် မန္တလေးတိုင်း ညောင်ဦးမြို့နယ်၊ ဧရာဝတီမြစ်ကမ်းအရှေ့ပေါ်၌ တည်ရှိနေပါသည်။ ပုဂံမြို့အဝင်ဝတွင် သရပါအုတ်မြို့ရိုးကြီး တည်ရှိနေပါသည်။ ပုဂံမြို့သည် မြန်မာနိုင်ငံ၏ မြန်မာလူမျိုးတို့၏ အလွန်ခမ်းနားကြီးကျယ်ထည်ဝါခဲ့သော သမိုင်းဝင် ရှေးဟောင်းမြို့တော်ကြီးဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်က တည်ခဲ့သော ပုဂံမြို့တော်တွင် မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှု၊ မြန်မာ့အနုပညာလက်ရာများ ထွန်းကားခဲ့သည်။

ရှေးခေတ်က ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမမြန်မာနိုင်ငံတော်ကြီးဖြစ်ပါသည်။ ပုဂံသည် အနော်ရထာလက်ထက်မှစ၍ ထင်ရှားလာခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ ဩဝါဒဖြင့် ဗုဒ္ဓဘာသာကို မြန်မာနိုင်ငံသားတို့က သက်ဝင်ယုံကြည်ကြသဖြင့် ဘုရားပုထိုးစေတီများစွာ တည်ထားကိုးကွယ်ခဲ့သည်။

ပုဂံမြို့ရှိ ထင်ရှားသောဘုရားများမှာ ဗူးဘုရား၊ ရွှေစည်းခုံ၊ လောကနန္ဒာ၊ မနုဟာ၊ အာနန္ဒာ၊ သဗ္ဗညုကန်တော့ပလ္လင်၊ အလိုတော်ပြည့်၊ ဓမ္မရံကြီး၊ ဓမ္မရာဇကတို့ဖြစ်သည်။ ထိုဘုရားပုထိုးများတွင် ပုဂံခေတ်၊ ဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီများ စသည်တို့ကို အံ့ဩဖွယ်ရာ တွေ့မြင်နိုင်သည်။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ စသည့်မင်းကောင်းမင်းမြတ်တို့သည် ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ ပုဂံပြည်ကြီး တိုးတက်ဆောင်ရွက်ခဲ့သည်။ ကျွန်တော်ပုဂံမြို့၏ အလှအပ သွားရောက်ခံစားခဲ့သည်ကို တင်ပြမည်

mgyoe.com

mgyoe.com


ဖြစ်သည်။ ပုဂံသို့ရောက်သောအခါ ပုဂံရှေးဟောင်းနယ်မြေဟူသော မုခ်ဦးကြီးအတွင်းသို့ ဝင်ခဲ့သည်။ မကြာမီပင် အလိုတော်ပြည့်ဟူသော ဆိုင်းဘုတ်ရှေ့တွင် မော်တော်ယာဉ်ကို ရပ်လိုက်သည်။ အလိုတော်ပြည့်မြတ်စွာဘုရား၏ ပုံတော်သည် ပုဂံခေတ်၏ အငွေ့အသက်များဖြင့် ယနေ့ခေတ်လူသားတို့၏ ပူဇော်မှုကို ခံယူနေသည်။

ရွှေစည်းခုံဘုရားသည် မီးဆလိုက်များနှင့် ပူဇော်ထားသောကြောင့် ရှေးဗိသုကာပညာရှင်တို့၏လက်ရာများ ပို၍ရုပ်လုံးကြွနေသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် အနော်ရထာမင်း၏ အရိန္ဒမာလှံချက် ထောက်ထားရာနေရာ၊ ကျန်စစ်မင်း၏ မြင်းခွာရာ၊ ကျောက်ငါးကြီးများ၊ အဖထက်သားတစ်လကြီးသော နတ်သားအဖတို့သည် ခမ်းနားထည်ဝါလှပနေသည်။

အာနန္ဒာဘုရားအတွင်းရှိ မတ်တတ်ရပ် ဆင်းတုတော်ကြီး လေးဆူ၏ ခံ့ညားသောသွင်ပြင်များမှာ မျက်စိထဲမှ မထွက်နိုင်ချေ။ လောကနန္ဒာ၏ ရင်ပြင်တော်ပေါ်တွင် တစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်စေတီတော်ကို ဖူးမြော်နိုင်ရန် မှန်ပြောင်းထားရှိထားသည်။ ဓမ္မရာဇကဘုရားသို့ ရောက်သောအခါ စေတီတော်မှ စဉ့်ကွင်းများသည် ထူးခြားလှသည်။ ထိုဘုရားတွင် ဓာတ်ပုံများ ရောင်းချနေသည်။ ထိုဓာတ်ပုံများမှ ဓာတ်ပုံသမားတစ်ဦးသည် ညအခါက ဓမ္မရာဇက ဘုရားပုံတော်ယူစဉ် ဓမ္မရာဇက အမတ်ကြီး၏ ပုံတော်ပေါ်လာသည်။ ထိုပုံများကို ရောင်းနေသည်။ ဗူးဘုရားတွင်လည်း ရာဇဝင်ရှိသည်။ ပြူစောထီးမင်းသည် ပုဂံကိုဖျက်သော ရန်သူများကို နှိမ်နင်းရာ ဗူးပင်၊ နွယ်ပင်တို့ကို အမြစ်ဖြတ်သုတ်သင်နိုင်ခြင်းကြောင့် ဗူးဘုရားကို တည်ထားခဲ့ခြင်းဖြစ်သည်။ မနူဟာဘုရားသည် အနော်ရထာ သထုံကို သိမ်းပိုက်စဉ်က သထုံမြို့စားမနူဟာတည်ခဲ့သော ဘုရားဖြစ်သည်။ မနူဟာဘုရားအတွင်းသို့ဝင်လိုက်ပါက မွန်းကျပ်မှုကို အလိုလိုခံစားမိသည်။ ရှေးပုဂံဗိသုကာလက်ရာများဖြစ်သည်။

ထို့ကြောင့် မြန်မာမှန်လျှင် ပုဂံရောက်ဖူးရမည်။ ကျွန်ုပ်တို့မြန်မာပြည်သားများသည် ပုဂံကိုမဖြစ်ဖြစ်အောင် သွားရောက်ရမည်ဖြစ်သည်။ ။

❖

mgyoe.com

mgyoe.com


# ကျွန်ုပ်နှစ်သက်သောအားကစားတစ်ခု

- အားကစားအမျိုးမျိုးရှိပုံ
- ထိုအထဲမှ အားကစားတစ်ခုကို နှစ်သက်ပုံ
- ကြည့်ရှုအားပေးပုံ
- ကိုယ်တိုင်လည်းပါဝင်ကစားပုံ
- ကစားစဉ်မြင်ကွင်းများ
- ကစားသူတို့၏ ဝတ်ဆင်ပုံ၊ အမူအရာ၊ ကစားပုံ
- ပရိသတ်ကအားပေးပုံ
- တက်ကြွပျော်ရွှင်ပုံ
- နှစ်သက်ရသည့် အကြောင်း

mgyoe.com

# ကျွန်ုပ်နှစ်သက်သောအားကစားတစ်ခု

မောင်ဇော်ဝဏ္ဏမောင်မောင်

လူ့လောက လူ့ဘဝကြီးသို့ စတင်ဝင်ရောက်လာသည်နှင့် ငိုစရာ၊ ရယ်စရာ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာ၊ အကောင်း၊ အဆိုးတို့နှင့် စတင်ကြုံတွေ့ရသည်။ ထိုသို့ အမျိုးမျိုးအဖုံဖုံသော အကြောင်းအရာများကြောင့် ရယ်စရာ ပျော်ရွှင်စရာ၊ အကောင်း. တို့မရှိဘဲ ငိုစရာ၊ ဝမ်းနည်းစရာ၊ အဆိုးများသာ ရှိနေချိန်တွင် စိတ်အပန်းဖြေရန် အားကစားနည်း အမျိုးမျိုးပေါ်ပေါက်လာခဲ့သည်။ ဂေါက်သီးရိုက်၊ ဘက်တံရိုက်၊ ရေကူး၊ ဘတ်စကက်ဘော၊ ဘော့စ်ဘော၊ ဘောလုံး စသည်ဖြင့် အမျိုးမျိုးထဲမှ ဘောလုံးသည် အကောင်းဆုံး အားကစားနည်းဖြစ်သည်ဟု ဆိုနိုင်သည်။ အားကစားတွင် ပြေးခြင်းဖြင့် ပြေးနှုန်းလျင်မြန်သလို ဘောလုံးကိုအားဖြင့် ကန်ခြင်းဖြင့်လည်း ခြေသလုံး၊ ကြွက်သားတိုးတက်နိုင်သည်။ ထို့ကြောင့် အားကစားနည်းအမျိုးမျိုးရှိသည့်အနက် ဘောလုံးအားကစားသည် အကောင်းဆုံးဖြစ်သည်။

အားကစားနည်းအမျိုးမျိုးတို့တွင် ဘောလုံးကန်ခြင်းသည် စိတ်၏ထွက်ပေါက်တစ်မျိုးလည်း ဖြစ်သည်။ နေ့စဉ်ပင်ပန်းနွမ်းနယ်လောက်အောင် အလုပ်ခွင်၌ အလုပ်လုပ်ကိုင်နေရခြင်းကြောင့် ညစ်ညူးနေသော စိတ်တို့ကို ပေါ့ပါးသစ်လွင် လန်းဆန်းစေရန် အားကစားနည်းများ လေ့ကျင့်လုပ်ကိုင်ပေးရမည်။ သို့မှသာ ညစ်ညူးနေသောစိတ်များ ပေါ့ပါးသစ်လွင်လန်းဆန်းပြီး ကျန်းမာမည်ဖြစ်သည်။ ထို့ကြောင့် အားကစားနည်းများကို လေ့ကျင့်လုပ်ကိုင်နိုင်ရန် အထူးလိုအပ်လှသည်။

အားကစားတစ်ခုခုကို အလွန်နှစ်သက်ကြိုက်လှပြီး ထိုအားကစားကို ပါဝင်

mgyoe.com

လုပ်ဆောင်ကစားပေးနိုင်ခြင်း မရှိပါက ထိုအားကစားကို ပါဝင်လုပ်ဆောင်နေသူများ တက်ကြွလန်းဆန်း ပျော်ရွှင်စွာလုပ်ဆောင်နိုင်ရန် အထူးအားပေးကြည့်ရှုနေရမည် ဖြစ်သည်။ သို့မှသာ မိမိလုပ်ကိုင်လိုသော အားကစားကို လေးစားလုပ်ဆောင်လို စိတ် အထူးရှိနေမည်ဖြစ်သည်။

ဘောလုံးအားကစားကို အထူးနှစ်သက်လှသော ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင် ပါဝင်လုပ်ဆောင် ကစားခွင့်ရနေသော်လည်း လုပ်ကိုင်နေသူ များကိုပါ အထူးအားပေး လေးစားခင်မင် ကြည့်ရှုအားပေးသည်။ ကျွန်တော်အထူး နှစ်သက် ကြည့်ရှုအားပေးနေသော အသင်းမှာ မန်ချက်စတာမြို့ကို ကိုယ်စားပြု ကစားပေးနေသော မန်ချက်စတာယူနိုက်တက်အသင်း ဖြစ်သည်။ ကျွန်ုပ်အနှစ်သက် ဆုံး အားကစားသမားမှာ ဝိန်းရူနီဖြစ်သည်။ ရူနီသည် မန်ချက်စတာ ယူနိုက်တက် အသင်း၏ရှေ့တန်းတွင် အားကိုးအားထားပြုရသော ရှေ့တန်းအားကစားသမား ကောင်းတစ်ယောက်ဖြစ်သည်။ သူ၏ အမြင့်ဘောကန်ချက်များသည် အထူးတိကျ ထိရောက်လွန်းလှသည်။ ထို့ကြောင့် ကျွန်တော်သည် သူ့ကို ကြိုက်နှစ်သက်ခြင်း ဖြစ်သည်။

ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းများသည်လည်း ကျွန်တော့်နှင့် ဝါသနာတူများ ဖြစ်နေကြသဖြင့် ကျွန်တော်နှင့်အတူ ဘောလုံးအားကစားကို အထူး လေ့ကျင့်ကစားကြသည်။ ကျွန်တော့်တွင် သူငယ်ချင်း တစ်ဆယ့်ခြောက်ယောက် ရှိသဖြင့် တစ်ယောက်တစ်ဖွဲ့ ဘောလုံးပွဲကို လေ့ကျင့်ကစားနိုင်သည်။

ကျွန်တော့်အိမ်သည် တော်တော်လေး ကျယ်သဖြင့် ဘောလုံးကစား၍ မရနိုင်သော်လည်း ကျွန်တော့်၏အိမ်ဘေးတွင် မြေကွက်တစ်ခုရှိသဖြင့် ဘောလုံး လေ့ကျင့်ကစားနိုင်လောက်အောင်တော့ လုံလုံလောက်လောက် ကျယ်သည်။ ထိုမြေ ကွက်လပ်တွင် ကျွန်တော်တို့သည် အမြဲတမ်းလိုလို ဘောလုံးလေ့ကျင့်နေကြ ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်တို့သည် ဘောလုံးလေ့ကျင့်ရန် အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်ဆင်တူများဝတ်၍ ထိုမြေကွက်လပ်ဆီသို့ ဦးတည်ခဲ့သည်။ တစ်ပွဲလုံး ၃၀မိနစ် ကြာမည်ဖြစ်သည်။ စစချင်းကန်သည်နှင့် ဘာကြောင့်မှန်းမသိ မြေကွက်လပ် ဘေးတွင် လူများဝိုင်းအုံလာသည်။ ကျွန်တော်တို့ကလည်း ပထမ ၁၅ မိနစ် ကတည်းက ၂ ဂိုး ပေးထားရသဖြင့် ချေပဂိုးရရန် ကြိုးစားနေသည်။ ဒုတိယပိုင်း စသည်နှင့် ၁၀ မိနစ် အတွင်း ၅ ဂိုးသွင်းနိုင်သဖြင့် ပျော်နေသည်။ ခဏအကြာတွင် ကျွန်တော့်သူငယ်ချင်းသည် ခေါင်းတိုက်၍ ၃ ဂိုးရအောင် စွမ်းဆောင်ပေးခဲ့သည်။

mgyoe.com

mgyoe.com


သူသည် ဘောလုံးသမားများကဲ့သို့ အင်္ကျီချွတ်၍ ကွင်းတစ်ပတ်ပြေးသည်။ ထို့နောက် ကျွန်ုပ်တော်၏ အမြင့်ဘောကန်ချက်တို့ကြောင့် ၂ ဂိုးထပ်မံ ရရှိခဲ့သည်။

ပရိသတ်များကလည်း ဟေးခနဲ၊ ဟာခနဲ အုတ်အုတ်ဝန်းဝန်း အားပေးနေသည်။ ပရိသတ်များ၏ အားပေးပုံမှာ ဈေးသွားမည့်သူကလည်း ဈေးဆွဲခြင်းချ၍ ကြည့်နေသည်။ လက်ဖက်ရည်ဆိုင်ရှိသူကလည်း ပါးစပ်ကြီးအဟောင်းသားနှင့် ကြည့်နေသည်။ ပရိသတ်များ၏ အားပေးသံများကြောင့် ကျွန်ုပ်တို့ စိတ်လှုပ်ရှား ပျော်ရွှင်နေသည်။

ကျွန်တော်တို့ဘက်က သုံးဂိုးသွင်းလိုက်စဉ်ကတည်းက ကစားသမားများ အားလုံးတက်ကြွပျော်ရွှင်လာကြသည်။ ထို့နောက် ကျွန်တော်၏ အမြင့်ဘောနှစ်ဂိုးကြောင့်ပင် ပိုမိုတက်ကြွပျော်ရွှင်သည်။ ထိုစဉ် ကားတစ်စီး ကွင်းအနီးတွင်ရပ်လာသည်။ ထိုကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ ထိုသူမှာ မြန်မာ့လက်ရွေးစင် အသင်းတွင် ကစားနေသူ ရှေ့တန်းကစားသမား စိုးမြတ်မင်း ဖြစ်နေသည်။

သူသည် ကျွန်တော်တို့နားသို့ ကပ်လာပြီး ယူ ၁၅ မြန်မာအသင်းဖွဲ့စည်းရန် ကစားသမား ၁၆ ဦး လိုအပ်နေကြောင်းပြောသည်။ ထို ၁၆ ယောက်နေရာတွင် ကျွန်တော်တို့က ကစားပေးရမည်ဖြစ်သည်။ ထိုအတွက်ကြောင့် ကျွန်တော်တို့လည်း မိဘများကိုတိုင်ပင်၍ လက်ခံလိုက်သည်။

ကျွန်တော်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စိန်ခေါ်ကစားပွဲ ရှိသည့်အတွက် ကျွန်တော်တို့သည် အပြင်းအထန် လေ့ကျင့်ရသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ကန်ရာ အိမ်ရှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဗိုလ်လုပွဲကန်ရာ ကျွန်တော်တို့အသင်းက အနိုင်ရခဲ့သည်။ ကျွန်တော်တို့သည် ဆုငွေကိုလက်ခံ၍ ဆုဖလားကို ဝန်ကြီးထံသို့ အပ်လိုက်ကြသည်။

ထိုကဲ့သို့ အားကစားသည် စိတ်အတွက်၊ ကိုယ်အတွက်ကောင်းပြီး မိမိအတွက် ကောင်းကျိုးများစွာ ရှိသောကြောင့် ဘောလုံးကို အနှစ်သက်ဆုံးဖြစ်**သည်**။

❖

mgyoe.com

mgyoe.com

## ဘုရားဖူးခရီးတစ်ခေါက်

- အားလပ်ရက်တစ်ရက်အတွင်း ဘုရားဖူးခရီးထွက်ပုံ
- အတူလိုက်ပါသူများ
- ခရီးသွားသည့်အခါအစဉ်
- သွားဖူးသည့် ဘုရားအကြောင်းကိုလမ်းမှာတွေးမိပုံ
- လမ်းခရီးမြင်ကွင်းများ
- ဘုရားသို့ရောက်ပုံ
- ဘုရားပတ်ဝန်းကျင်မြင်ကွင်းများ
- အခြားဘုရားဖူးများ
- မိမိဘုရားဖူးပုံ
- အမှတ်တရအကြောင်းတစ်ခု
- ဘုရားဖူးပြီး ပျော်ရွှင်စွာပြန်လာရပုံ

mgyoe.com

mgyoe.com


## ဘုရားဖူးခရီးတစ်ခေါက်

ဆုလှိုင်ဝင်း

တစ်နေ့သောအားလပ်ရက်တစ်ရက်တွင် ကျောင်းမှဆရာ၊ ဆရာမများက ကျွန်မတို့ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပဲခူးသို့ လေ့လာရေးခရီး သို့မဟုတ် ဘုရားဖူးခရီးထွက်ဖြစ်ခဲ့ပါသည်။ ကျွန်မတို့တစ်တန်းလုံး ခရီးထွက်ကြခြင်း ဖြစ်ပါသည်။ သို့သော် အတန်းထဲမှ မလိုက်ပါနိုင်သူများလည်း ရှိပါသည်။

ကျွန်မနှင့်အတူ သူငယ်ချင်းများလည်း လိုက်ပါကြပါသည်။ ဆရာ၊ ဆရာမများနှင့်အတူ ဒုကျောင်းအုပ်ပါ လိုက်ပါခဲ့ပါသည်။ အချို့မိဘများက အနောက်မှ ကားများဖြင့် လိုက်ပါသည်။ ကျွန်မ၏ မေမေနှင့်ဖေဖေလည်း အတူလိုက်ပါခဲ့ပါသည်။ သို့သော် ကျောင်းသားများလိုက်သောကားတွင် မလိုက်ရပါ။ မိဘများသည် အနောက်မှကားဖြင့်လိုက်ရန် ဆရာမကြီးက အမိန့်ထုတ်ထားပါသည်။

ကျွန်မတို့ ကျောင်းသူ၊ ကျောင်းသားများ ခရီးထွက်ခြင်းအကြောင်းမှာ ဆရာမကြီးက သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် သူငယ်တန်းမှ ဒသမတန်းအထိ လေ့လာရေးခရီးထွက်ရန် အမိန့်ချမှတ်ခြင်းကြောင့် ဖြစ်သည်။ ထိုအခါ ဆရာ၊ ဆရာမများက ပဲခူးသို့ခရီးထွက်ရန် ဆုံးဖြတ်လိုက်ကြပါသည်။ ဆရာမများက ဆရာမကြီးဆီသို့ ပဲခူးသို့သွားရန် ခွင့်သွားတောင်းကြပါသည်။ ဆရာမကြီးမှ သွားရန် အမိန့်ကျလာသောအခါ ဆရာမများက ကျောင်းသူ၊ ကျောင်းသားများကို လာပြောပါသည်။ စာရင်းကောက်သောအခါ လိုက်ပါသောလူစာရင်းက ပိုများပါသည်။ ထို့ကြောင့် ကျွန်မတို့အလွန်ပျော်နေပါသည်။ ထိုအခါ ကျွန်မတို့ ဘုရားဖူး

mgyoe.com

mgyoe.com


ခရီးထွက်ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ထိုနေ့တွင် လမ်းခရီးတစ်လျှောက်တွင် ကျွန်မသွားခဲ့ဖူးသည့် ဘုရားများအကြောင်း ပြန်စဉ်းစားကာ ပျော်နေမိပါသည်။ ထိုဘုရားများကို နောက်တစ်ခေါက် ပြန်သွားရတော့မည်ဆိုတာကိုတွေးရင်း တစ်လမ်းလုံး ပျော်နေမိပါသည်။ လမ်းခရီးတစ်လျှောက်လုံး ဖြောင့်မတ်ပါသည်။ ကားပေါ်တွင် ကလေးများ၏ စကား ပြောမှုကြောင့် ဆူညံမှုများ ဖြစ်ပေါ်နေပါသည်။

လမ်းခရီးတွင် ရှုခင်းများကို မြင်ခဲ့ရခြင်းကို အလွန်ပင်ကြည်နူးမိပါသည်။ သစ်ပင်များ၊ ပန်းမန်များ၊ ရေအိုင်များ၊ လူများဖြင့် မြန်မာပြည်ကြီးကို အလှဆင်နေပါသည်။ လမ်းခရီးတွင် မြို့များကို တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းသွားရပါသည်။ မြို့တစ်မြို့ရောက်လျှင် ဈေးသည်များ၊ ဒေသထွက်ကုန်ပစ္စည်းများကို ရောင်းချနေကြပါသည်။

ဘုရားဖူးလမ်းခရီးတွင် ပထမဆုံးရောက်ခဲ့သော ရွှေမော်ဓောဘုရားပင်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဟင်္သာကုန်းကို ရောက်ခဲ့ပါသည်။ ထို့နောက် မြွေဘုရားသို့ ဝင်ခဲ့ပါသည်။ ထို့နောက် ဗဟုသုတရရှိစေရန် ကမ္ဘောဇသာဒီနန်းတော်သို့ ခဏဝင်ခဲ့ပါသည်။ ထို့နောက် ရွှေသာလျောင်းဘုရားတွင် အနားယူကာ ထမင်းစားကြပါသည်။ သူငယ်ချင်းများနှင့် ထမင်းလက်ဆုံစားရခြင်းမှာ အလွန်ပင် ထမင်းမြိန်ပါသည်။ ထမင်းစားပြီးသောအခါ နောင်တော်ကြီးဘုရား၊ ရွှေဂူကြီး၊ ရွှေဂူလေး၊ ကိုးသိန်း ကိုးသန်း၊ စသော ဘုရားများကို ဝင်ဖူးခဲ့ကြပါသည်။

ဘုရားများတွင် ဘုရားဖူးခရီးသည်များ မျိုးစုံရှိပါသည်။ နိုင်ငံခြားသားဘုရားဖူးများ၊ မြန်မာပြည်မှ ဘုရားဖူးများ၊ လူလတ်တန်းစားဘုရားဖူးများ မျိုးစုံရှိပါသည်။ ကျွန်မသည် ဘုရားဖူးရခြင်းကို အလွန်ပင် နှစ်သက်ကြည်နူးမိပါသည်။

ကျွန်မသည် ဘုရားတစ်ဆူရောက်တိုင်း တစ်ခါ ဘုရားရှိခိုးဆုတောင်းပါသည်။ မြန်မာပြည်တွင် တန်ခိုးကြီးဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်သော ရွှေမော်ဓော၊ ရွှေသာလျောင်းဘုရားများကို ကျွန်မသည် ဘုရားရှင်အား ဖူးမြော်ရသကဲ့သို့ ဖူးမြော်ခဲ့ပါသည်။ ကောင်းမှုကုသိုလ်များကိုလည်း သတ္တဝါအပေါင်းအား အမျှပေးဝေခဲ့ပါသည်။

ကျွန်မသည် ဘုရားဖူးလမ်းခရီးတွင် ဝင်ရောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော်မှ ရှေးမြန်မာဘုရင်များ သုံးစွဲခဲ့သော ပစ္စည်းအသုံးအဆောင်များကို ဝင်ရောက်ကြည့်ရှု လေ့လာခဲ့သည်မှာ အမှတ်တရဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင်

- စာဖတ်ဝါသနာပါပုံ
- ဂျာနယ်ဖတ်ရန် စိတ်ဝင်စားပုံ
- နှစ်သက်သောဂျာနယ်အမည်
- ပါဝင်သော ကဏ္ဍများ
- အပြင်အဆင်
- စိတ်တွင်စွဲထင်နေသော စာတစ်ပုဒ်
- ထိုဂျာနယ်ကို နှစ်သက်ရသည့်အကြောင်းများ
- ထိုဂျာနယ်နှင့်မိမိအမြင်

mgyoe.com

mgyoe.com

## ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင်

ဆုလှိုင်ဝင်း

ကျွန်ုပ်သည် စာဖတ်ခြင်းကို အထူးဝါသနာပါသော သူတစ်ဦးဖြစ်ပါသည်။ အားလပ်ချိန်များတွင် စာဖတ်ပါသည်။ ကျောင်းစာလုပ်ပြီးသောအချိန်တွင်လည်းကောင်း၊ ကျောင်းပိတ်ရက်တွင်လည်းကောင်း စာဖတ်ပါသည်။ ကျွန်မသည် စာအုပ်တစ်အုပ်ဖတ်လျှင် အလွန်စိတ်ဝင်စားတတ်သော အကျင့်ရှိပါသည်။ စာဖက်ခြင်းသည် စိတ်ကိုကြည်လင်စေသည်။ စာဖတ်ခြင်းဖြင့် ဦးနှောက်ကို ရှင်လန်းစေကာ ဉာဏ်ရည်ဖွံ့ဖြိုးစေသည်။ ဉာဏ်ရည်ထိုင်းမှိုင်းသောသူများကို ရှေးလူကြီးများက စာများများ ဖတ်ခိုင်းသည်။ ဉာဏ်ရည်ကောင်းသော သူများလည်း စာဖတ်ခြင်းဖြင့် ပို၍ဉာဏ်ရည် ထက်မြက်စေနိုင်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း စာဖတ်သင့်ပါသည်။

ထို့ပြင် ကျွန်ုပ်သည် ဂျာနယ်ဖတ်ခြင်းကိုလည်း စိတ်ဝင်စားပါသည်။ ဂျာနယ်ဖတ်ခြင်းဖြင့် မိမိတိုင်းပြည်တွင် ဖြစ်ပျက်သော သတင်းများ၊ အခြားသော တိုင်းပြည်ရှိ အထူးအဆန်း သတင်းများ၊ နိုင်ငံတကာရှိ ဈေးနှုန်းအတက်အကျများ စသည်ဟို့ကို သိရှိနိုင်ပါသည်။ ထို့ကြောင့် ဂျာနယ်ဖတ်သင့်ပါသည်။

ဂျာနယ်များအနက် ကျွန်ုပ်အနှစ်သက်ဆုံးသော ဂျာနယ်အမည်မှာ ယဉ်ကျေးလိမ္မာ ဓမ္မရသဂျာနယ်ပင် ဖြစ်ပါသည်။ တစ်ခြားသောဂျာနယ်များကို ကျွန်ုပ် နှစ်သက်သော်လည်း ထိုအထဲမှ ယဉ်ကျေးလိမ္မာဓမ္မရသဂျာနယ်ကို အနှစ်သက်ဆုံး ဖြစ်ပါသည်။

ထိုဂျာနယ်ထဲတွင် ဆရာတော်များ၏ အဆုံးအမစာပိုဒ်များ၊ ဘုရားလက်

mgyoe.com

mgyoe.com


ထက်မှ ပုံပြင်များ၊ ဗဟုသုတရရှိစေသော ကာတွန်းများအပါအဝင် ကျန်းမာရေး လမ်းညွှန်ဗဟုသုတများပင် ပါဝင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုဂျာနယ်ကို နှစ်သက်ရခြင်း ဖြစ်သည်။

ထိုဂျာနယ်၏ အပြင်အဆင်မှာ အလွန်ပင် ကောင်းမွန်ပြီး သပ်ရပ်လှပါ သည်။ ရောင်စုံကာလာများဖြင့် ခြယ်သကာ စာရွက်အသားကလည်း ကောင်းမွန်လှ ပါသည်။ ထိုအထဲရှိ စာအရေးအသားများ၊ ပန်းချီပုံများသည်လည်း အလွန်ပင် လက်ရာမြောက်လှပါသည်။ စာမျက်နှာတိုင်းတွင်လည်း စာမျက်နှာအရေအတွက် များကို ရေးသားထားပါသည်။ ထို့ကြောင့် ထိုဂျာနယ်၏ အပြင်အဆင်မှာ အလွန်ပင် သပ်ရပ်လှပသဖြင့် ကျွန်ုပ်နှစ်သက်မိပါသည်။

ထိုဂျာနယ်တွင် ကျွန်ုပ်စိတ်ထဲတွင် စွဲထင်နေသော စာတစ်ပုဒ်မှာ ပိုင်းလော့ ဆရာတော် အရှင်ဇေယျပဏ္ဍိတ၏ အဆုံးအမပင် ဖြစ်သည်။ ထိုအဆုံးအမမှာ မိဘများကို ရိုသေလေးစားရမည့် အဆုံးအမပင်ဖြစ်သည်။ ထိုအဆုံးအမမှာ

- ♦ အမေမှားလည်း အမေမှန်တယ်၊ အဖေမှားလည်း အဖေမှန်တယ်။
- ♦ မိဘပြောချင်တာပြောပါစေ၊ မိဘကို အမှန်ထားရမယ်၊ တကယ်ချစ်ရမယ်။ မိဘဆရာသမားကိုချစ်ရင် တစ်ခွန်းတည်းသောစကားနဲ့ နားထောင်ရမယ်။ ပြန်မပြောရဘူး။ နောက်မှ အကျိုးအကြောင်း ရှင်းပြရမယ်။
- ♦ ကိုယ့်ဘဝတိုးတက်ချင်ရင် စီးပွားတိုးတက်ချင်ရင် မိဘဆရာသမားကို အင်မတန် ရိုသေရတယ်။ နဖူးနဲ့ခြေမ ထိပြီးပူဇော်ကြပါ။ မြတ်နိုးကြပါ။ မော့ကြည့်ကြပါဟူ သော စာပိုဒ်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ထိုဂျာနယ်ကို နှစ်သက်ရခြင်းမှာ ဆရာတော်ဘုရား၏ အဆုံး အမများ၊ ဘုရားရှင်တော်မြတ်ကြီး၏ အဆုံးအမတရားများပါ၍ ထိုဂျာနယ်ကို ကျွန်ုပ် အလွန်ပင်နှစ်သက်ရခြင်းဖြစ်ပါသည်။

ထိုဂျာနယ်ကို ကျွန်ုပ်သည် ကျွန်ုပ်ကို တရားချပေးသော စာစောင်ဟု ပြောလျှင်မမှားပါ။ မိဘဆရာသမားများကို ရိုသေလေးစားရမည်။ ရဟန်း သံဃာတော်များကို လှူတန်းရခြင်း၏ ဒါနများ၊ ဥပုသ်စောင့်ခြင်းနှင့် ဥပုသ် မစောင့်ခြင်း၏ ကွာခြားချက်များ၊ သီလဆိုသည်ကို ရှင်းပြချက်များ စသည်တို့သည် ကျွန်ုပ်ကို တရားရစေပါသည်။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး ဗဟုသုတများ ရရှိခြင်းတို့ကြောင့် ကျွန်ုပ် သည် အလွန်ပင် ထိုဂျာနယ်ကို နှစ်သက်မိပါသည်။ ။

mgyoe.com

mgyoe.com


# ပညာသည် ဘဝရှေ့ဆောင်

- ပညာဟူသည်
- ဘဝတစ်လျှောက် ပညာအရေးပါပုံ
- ပညာက ဘဝကိုရှေ့ဆောင်လမ်းပြပုံ
- ပညာကြောင့် အသိအမြင်ကျယ်ဝန်းပြီး ဘဝကိုအကျိုးပြုပုံ
- ဘဝအောင်မြင်မှုရပုံ
- စာတွေ့ ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ
- ပညာနှင့် မိမိအမြင်

mgyoe.com

# ပညာသည် ဘဝရွှေဆောင်

ဆုလှိုင်ဝင်း

ပညာဆိုသည်မှာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ဖြစ်ပါသည်။ မြန်မာအဘိဓာန်ကမူ အတတ်ဟု ဖွင့်ဆိုခဲ့ပါသည်။ လူနှင့်တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်မှာ အသိပညာပင်ဖြစ်ပါသည်။ လူတို့သည် အသိပညာ၊ အတတ်ပညာရှိပါသည်။ တိရစ္ဆာန်တို့မှာမူ အသိပညာမရှိ ပညာမဲ့ကြပါသည်။ ထို့ကြောင့် အသိပညာသည် လူနှင့်တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်ပင် ဖြစ်ပါသည်။ လူ့ဘဝတွင် ပညာသည် အလွန်ပင် အရေးပါအရာရောက်ပါသည်။ ကမ္ဘာတွင် တီထွင်ပညာရှင်များ များစွာပါရှိပါသည်။ ထိုသူများသည် ငယ်စဉ်ကတည်းကပင် ပညာကို အလေးထား ကြိုးစားခဲ့ခြင်းကြောင့် ကျော်ကြားရခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အလင်းရောင်များရရှိရန် မီးချောင်းများ၊ မီးလုံးများကို တီထွင်ခဲ့သော ပညာရှင်များ၊ တယ်လီဖုန်း ရုပ်မြင်သံကြား အစရှိသည်ဖြင့် တီထွင်ခဲ့ကြသည်။ ထို့ကြောင့် တီထွင်မှုများမှာ ပညာမတတ်လျှင် မရပါ။ ပညာတတ်၍သာ ကျွန်ုပ်တို့ကမ္ဘာကြီး တိုးတက်ဖွံ့ဖြိုးလာရခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ပညာသည် လူ့ဘဝတွင် အလွန်ပင် အရေးပါအရာရောက်ပါသည်။

အသက်ရှင်သမျှ လူဘဝတစ်လျှောက်လုံးတွင် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားသိမြင်နိုင်ရန် အသိဉာဏ်သည် အရေးကြီးပါသည်။ လူ့ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အသက်မွေးဝမ်းကြောင်း အတတ်ပညာသည် အရေးကြီးပါသည်။ တောင်သူလယ်သမားများသည် သီးပင်စားပင်များကိုစိုက်ကာ အသက်မွေးကြသည်။ ထို့ပြင် ကျွန်ုပ်တို့ နေ့စဉ်စားသုံး

mgyoe.com

mgyoe.com
နေရသော ထမင်း ကို ရရှိရန် စပါးစိုက်ပျိုးရသည်။ စပါးမစိုက်ပျိုးပါက ကျွန်ုပ်တို့ စားရသောထမင်း ဖြစ်လာမည်မဟုတ်ပါ။ ထို့ပြင် အတတ်ပညာသည်လည်း အရေးကြီးပါသည်။ လူ့ဘဝတွင် ပညာတတ်မှသာ လူ့ဘုံလောကအလယ်၌ ရဲဝံ့စွာ နေထိုင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အသိပညာရော၊ အတတ်ပညာပါ စွယ်စုံတတ်မှသာ ပညာအစစ်အမှန် ဖြစ်လာမည်ဖြစ်ပါသည်။ လူ့ဘဝတွင် အောင်မြင်သော ဘဝတစ်ခုကို ထူဆစ်ရန်အတွက် ပညာသည် အရေးကြီးပါသည်။ 'ပညာရဲရင့် ပွဲလယ်တင့်' ဆိုသလို ပညာတတ်မှသာ လူသားများသည် လေးစားကြပါသည်။ ပညာတတ်လျှင် လူ့ဘုံလောကအလယ်တွင် တင့်တယ်စွာနေနိုင်ပါသည်။ ပညာမတတ် လူတောမတိုးသောသူများကို ဥပမာပြရမည်ဆိုပါလျှင် လမ်းလယ်ကောင်တွင် ဆေးလိပ်၊ ကွမ်းယာ၊ ဂျာနယ်၊ ပန်းလိုက်ရောင်းသောသူများကို ကြည့်ပါ။ ငယ်ငယ်ရွယ်ရွယ်တွင် ကျောင်းမတက်၊ စာမကြိုးစားသဖြင့် ဤသို့ပြုလုပ်ရခြင်း ဖြစ်ပါသည်။ စာတတ်သောလူများမှာမူ ဆရာဝန်၊ အင်ဂျင်နီယာ၊ လေယာဉ်မှူး၊ သင်္ဘောသားများကို ကြည့်ပါ။ ပညာတတ်သဖြင့် ကောင်းကောင်းနေ၊ ကောင်းကောင်းစားသောက်ကာ နေကြရပါသည်။ အောင်မြင်သောဘဝပိုင်ရှင်များသည် ပညာကို အရင်းတည်အခြေပြု၍ အောင်မြင်မှုရလာခဲ့ခြင်းပင် ဖြစ်ပါသည်။ ပညာမတတ်ဘဲ အောင်မြင်သောဘဝကို မရနိုင်ပါ။ ထို့ကြောင့် ပညာသည် လူ့ဘဝတွင် အရေးအကြီးဆုံးအချက်ဖြစ်ပါသည်။

လူ့ဘဝတစ်ခုတည်ဆောက်ရာတွင် ပညာကရှေ့ဆောင်လမ်းပြ ဖြစ်ပါသည်။ လူ့ဘဝတွင် ပထမအရွယ်တွင်ပညာ၊ ဒုတိယတွင် ဥစ္စာ၊ တတိယအရွယ်ကုသိုလ်ရှာရသော အစဉ်အလာရှိပါသည်။ ပထမအရွယ်တွင် ပညာရှာခြင်းသည် အဓိကကျပါသည်။ ပထမအရွယ်တွင် ပညာရှာ၍ ပညာရှိမှသာ ယင်းပညာကို အရင်းပြုပြီး ဥစ္စာရှာနိုင်ပြီး တတိယအရွယ်တွင် ကုသိုလ်ရှာနိုင်ပါမည်။ အသေးအဖွဲ လူမှုကိစ္စလေးမှအစ ကြီးကျယ်သောလုပ်ငန်းကြီးများအထိ အရာရာကို အဆင်ပြေချောမွေ့အောင် ရှေ့ဆောင်လမ်းပြသည်မှာ ပညာဖြစ်ပါသည်။ ပညာသည် လူ့ဘဝတွင် တွေးခေါ်ပြောဆိုပြုမူမှု၊ ကိုယ်နှုတ်နှလုံး သုံးပါးသော အာရုံသုံးပါးကို ရှေ့ဆောင်လမ်းပြ အပြုအမူဖြစ်ပါသည်။ ထို့ကြောင့် ပညာသည် ဘဝ၏ ရှေ့ဆောင်လမ်းပြ ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကျောင်းသားကျောင်းသူများသည် သူငယ်တန်းမှ ဆယ်တန်းအထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့် ပညာသင်ကြားခဲ့ရပါသည်။ ထိုပညာများကို သင်ကြားပေးခဲ့သူမှာ ဆရာပင်ဖြစ်ပါသည်။ ထို့ကြောင့်
mgyoe.com

mgyoe.com
ကျွန်ုပ်တို့သည် ဆရာ့ကို တပည့်ဝတ်တရား ငါးပါးနှင့်အညီ ကျေးဇူးဆပ်ရပါမည်။ ဆရာကလည်း ကျွန်ုပ်တို့တပည့်များကို ဆရာ့ဝတ်တရား ငါးပါးနှင့် ကျေပွန်ပါသည်။ ထို့ကြောင့် ဆရာ့ကို ကျွန်ုပ်တို့သည် ကျေးဇူးဆပ်သင့်ပါသည်။

ပညာဉာဏ်တဖြည်းဖြည်း ရင့်သန်လာသည်နှင့်အမျှ ဘဝတွင် အောင်မြင်မှုများ ရလာတတ်ပါသည်။ မူလတန်းပညာအရ အလယ်တန်းတွင် ပညာပိုတော်ရန်အတွက် ပိုကြိုးစားရပါမည်။ အလယ်တန်းပညာအရ အခြေခံပညာအထက်တန်းတွင် သာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ဖို့ ရည်မှန်းချက်ထား ကြိုးစားရပါမည်။ အခြေခံပညာအထက်တန်းတွင် ဘာသာစုံဂုဏ်ထူးရလျှင် မြန်မာပြည်တွင်သာမက နိုင်ငံခြားတက္ကသိုလ်များသို့ပင် သွားရောက်ပညာသင်ကြားနိုင်သည်။ အောင်မြင်သောဘဝကိုပါ ရနိုင်ပါသည်။

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီမျိုးစုံဖြင့် စရိယာသုံးသွယ်ကျင့်၊ စွန့်ခြင်းကြီးငါးပါးစွန့်ပြီး ကြိုးစားအားထုတ်ခြင်းဖြင့် အလုံးစုံကို အနှံ့အစပ်သိပြီးသော သဗ္ဗညုတဉာဏ်တော်အရ၊ သဗ္ဗညုတဉာဏ်တော် ပွင့်လင်းမှသာ ဘုရားအဖြစ် ဥဒါန်းကျူးရင့်နိုင်သည်။ ဘုရားအဖြစ် ရောက်မရောက်ကို ပညာဖြင့် အဆုံးအဖြတ် ပြုခဲ့ပါသည်။ ဘုရားအလောင်း မဟော်သဓာသည် ငယ်စဉ်ကပင် ဖွားဖက်တော် တစ်ထောင်ဖြင့် တရားများစီရင်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီး၏ အမေးပုစ္ဆာပြဿနာများကို ပညာဖြင့် ဖြေရှင်းသော အမတ်ကြီးလေးဦးကိုကျော်၍ ပညာရှိအမတ်ကြီး သုခမိန်အဖြစ် ချီးမြှောက်ခဲ့သည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် မြတ်စွာဘုရားအဖြစ်ဖြင့် ပညာတေဒဂ်ကို ရရှိခဲ့ပါသည်။

'ပညာသမာ၊ အာဘာနတ္ထိ' ပညာနှင့်တူသော အလင်းရောင်မရှိဟု မြတ်စွာဘုရားဟောကြားခဲ့ပါသည်။ မီးရောင်၊ လရောင်၊ နေရောင်၊ ဉာဏ်ရောင် လွှမ်း၍မိုးဟုဆိုသကဲ့သို့ အလင်းရောင်တကာတွင် ပညာအလင်းရောင်သည် အလင်းလက်အတောက်ပြောင်ဆုံး ဖြစ်ပါသည်။ လူဟူ၍ဖြစ်လာပြီး အောင်မြင်သော လူ့ဘဝကို တည်ဆောက်လိုလျှင် ပညာကိုရအောင်ရှာ၊ ပညာဖြင့် အရင်းပြု၊ ပညာ၏ ရှေ့ဆောင်မှုဖြင့် ဘဝအောင်လံထူကြပါစို့။ ။

mgyoe.com

mgyoe.com


## ကျွန်ုပ်၏သူငယ်ချင်းတစ်ဦး

- ငယ်သူငယ်ချင်းအကြောင်း တွေးမိတိုင်းသတိရပုံ
- သူငယ်ချင်းအမည်၊ အသက်၊ ပုံပန်း
- စိတ်ထားနှင့်ဝါသနာ
- ငယ်စဉ်ကတည်းက မိမိနှင့်ခင်မင်ပုံ
- မိသားစုချင်းလည်း ခင်မင်ပုံ
- မိမိနှင့်ဆက်ဆံရေး
- အမှတ်တရ ဖြစ်ရပ်တစ်ခု
- သူငယ်ချင်းအပေါ် မိမိ၏ ခံစားမှုအမြင်

mgyoe.com

mgyoe.com


# ကျွန်ုပ်၏သူငယ်ချင်းတစ်ဦး

ဆုလှိုင်ဝင်း

ကျွန်ုပ်တွင် ငယ်စဉ်ကတည်းက ခင်မင်ရသော သူငယ်ချင်းတစ်ဦးရှိပါသည်။ သူမနှင့် ခင်ခင်ရခြင်းမှာ ငယ်စဉ်က မူကြိုကလေးဘဝကတည်းက သူငယ်ချင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့သော် မူကြိုတွင် တစ်နှစ်သာအတူတူ စာသင်ခဲ့ရပြီး သူငယ်တန်းသို့ ရောက်သောအခါ သူနှင့်ကျွန်မ ကျောင်းမတူတော့ပါ။ ထို့ကြောင့် သူငယ်ချင်းအကြောင်း တွေးမိတိုင်း သတိရခဲ့ရပါသည်။ သို့သော် သူနှင့် ကျွန်မသည် အိမ်နီးသဖြင့် အဆက်အသွယ် ရှိပါသည်။

ထိုသူငယ်ချင်း၏အမည်မှာ ဆုမြတ်သဇင်ဖြစ်ပါသည်။ သူမသည် ယခု ဆိုလျှင် အသက် (၁၂) နှစ်ခန့်ရှိပါသည်။ သူမသည် ငယ်စဉ်အခါ ကလေးဘဝတုန်းက အလွန်ပင်ချစ်စရာကောင်းပါသည်။ မျက်လုံးကလေးက ဝိုင်းဝိုင်းစက်စက် ကလေး ဖြစ်ပါသည်။ သေးသေးသွယ်သွယ် နှာခေါင်းကလေးက သူမ၏မျက်နှာ အလှကို ဖော်နေပါသည်။ နှုတ်ခမ်းကလေးက ပါးပါးလေး ရှိနေပါသည်။ သူမ ၏ အရပ်မှာ မပုသလောက် မရှည်ပါ။ သူမ၏ဆံပင်မှာ ကုပ်ပိုးအထိရှိပါသည်။ သူမ သည် အလွန်ပင်ချစ်စရာကောင်းပြီး လှပသော မိန်းကလေးတစ်ဦးဖြစ်ပါသည်။

သူမသည် ရုပ်ချောသလောက် စိတ်ထားလည်းဖြူစင်ပါသည်။ သူတစ်ပါး ကို ကူညီချင်စိတ်ရှိပါသည်။ မရှိဆင်းရဲသားများကိုလည်း သနားကြင်နာပါသည်။ သူတစ်ပါးအခက်အခဲရှိလျှင် ကူညီချင်သောစိတ် အပြည့်အဝရှိပါသည်။ ထိုစိတ် ဓာတ်များကို ကျွန်မသည် လေးစားမိပါသည်။ သူမလိုဖြစ်အောင်လည်း တတ်နိုင်သ လောက် ကြိုးစားမိပါသည်။ ထို့ကြောင့် သူနှင့် ကျွန်မသည် စိတ်ထားခြင်း တူညီပါ

mgyoe.com

mgyee.com

သည်။ သူနှင့်ကျွန်မသည် စိတ်ထားချင်းတူသလို ဝါသနာခြင်းလည်း တူပါသည်။ ကျွန်မတို့နှစ်ယောက်သည် စာဖတ်ခြင်းနှင့် ပုံဆွဲခြင်းများကို ဝါသနာပါပါသည်။ တစ်ယောက်က ထူးဆန်းသောစာအုပ်၊ လေ့လာချင်စဖွယ်၊ အတုယူချင်စဖွယ် ကောင်းသော စာအုပ်ဝယ်လာလျှင် တစ်ယောက်နှင့်တစ်ယောက် အလဲအလှယ် ဖတ်ကြပါသည်။ ပန်းချီဆွဲလျှင်လည်း နှစ်ယောက်တည်း ရှုခင်းပုံ၊ လူပုံ၊ တိရစ္ဆာန်ပုံ၊ အိမ်ပုံ၊ ပန်းပုံ စသည်ဖြင့် ဆွဲကြပါသည်။

ကျွန်မသူ့ကို ခင်မင်လေးစားရသော အကြောင်းမှာ မူကြိုစတက်သော ပထမဆုံးနေ့ဖြစ်ပါသည်။ အတန်းထဲရှိ ကလေးများအားလုံးသည် မိဘနှင့်မခွဲချင်၍ ငိုကြသလောက် သူသည် မငိုပါ။ သို့သော် ငိုသည့်ကလေးများထဲတွင် ကျွန်မအပါ အဝင်ဖြစ်ပါသည်။ မေမေက ကျွန်မကို သူ့နားတွင်ပို့၍ ပြန်သွားပါသည်။ ထိုအချိန် တွင် ကျွန်မသည် သဲကြီးမဲကြီး ငိုပါတော့သည်။ ဘေးနားမှာရှိနေသောသူက ကျွန်မ ကို မငိုဖို့အကြောင်း၊ အချိန်တန်ရင် မိဘကပြန်ခေါ်မည်ဖြစ်ကြောင်း၊ ကျောင်းစာ သင်ရတာ ပျော်စရာကောင်းကြောင်း ရှင်းပြပါသည်။ ထိုမှစ၍ ကျွန်မသည် သူမကို ခင်မင်လေးစားခဲ့ရပါသည်။

ကျွန်မတို့နှစ်ယောက်ခင်သလို မိသားစုချင်းလည်း ခင်မင်ပါသည်။ ကျွန် မတို့နှစ်ယောက်သည် အိမ်နီးသဖြင့် စာအတူတူကျက်ပါသည်။ မိဘများနှင့်လည်း ကစားကွင်း၊ ပန်းခြံ၊ စားသောက်ဆိုင် စသည်ဖြင့် မိသားစုနှစ်စု အတူတူလည်ကြပါ သည်။ ကျောင်းပိတ်ရက်ရှည်၊ နွေရာသီကျောင်းပိတ်ရက်၊ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် လည်ကြခြင်းဖြစ်ပါသည်။ မိဘများသည်လည်း အလွန် ပင် ခင်မင်ကြပါသည်။ မိဘများ ခင်မင်ခြင်းထက် ကျွန်မတို့နှစ်ယောက်သည် ပိုမို ခင်မင်ကြပါသည်။

ကျွန်မတို့နှစ်ယောက် သာမန်သူငယ်ချင်းများထက် ပိုမိုခင်မင်ကြပါသည်။ ညီအစ်မအရင်းထက် ပို၍ခင်မင်ပါသည်။ သားအမိချင်းထားသည့် မေတ္တာထက် ကျွန်မတို့သူငယ်ချင်းနှစ်ယောက် ထားသည့်မေတ္တာသည် ပို၍နက်ရှိုင်းပါသည်။ ထို့ကြောင့်သူမကို အပြင်ပန်းစိတ်တွင်သာ သူငယ်ချင်းဟု ယူဆသော်လည်း အတွင်းစိတ်တွင်မူ ညီအစ်မနှစ်ယောက်ဟု သတ်မှတ်ထားပါသည်။

ကျွန်မနှင့်သူ့ကြားတွင် အမှတ်တစ်ရဖြစ်ရပ် တစ်ခုရှိပါသည်။ ထိုနေ့က မူကြိုစတက်သောနေ့ပင် ဖြစ်ပါသည်။ ထိုနေ့တွင် ကျွန်မသည် မေမေနှင့် ခွဲရ၍ အလွန်ဝမ်းနည်းနေသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် သူကျွန်မကို စေတနာ အပြည့်ဖြင့် ချော့မော့ပါသည်။ ကျွန်မ မငိုရန်ပြောပါသည်။ သူကျွန်မကို စေတနာ

mgyoe.com


အပြည့်ဖြင့် ချော့မော့သောမျက်လုံး၊ အကြင်နာများဖြင့် ပြောသောစေတနာရှင်လေး၏ပါးစပ်မှ ထွက်သောစကားများသည် ကျွန်မဘဝတွင် မမေ့နိုင်စရာ ဖြစ်ပါသည်။

ကျွန်မ၏သူငယ်ချင်းသည် ရုပ်ရည်ချောမောလှပသလို စိတ်ထားသည်လည်း ဖြူစင်သည်။ ကျွန်မကိုလည်း ညီအစ်မအရင်းလို စောင့်ရှောက်သဖြင့် ကျွန်မသည် သူ့ကို အလွန်တရာမှပင် ခင်မင်လှပါသည်။ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်သည် အတိုင်းထက်အလွန်ပင် ခင်မင်ပါသည်။ ထို့ကြောင့် ကျွန်မသည် စိတ်ထဲတွင် ကျွန်မအပေါ်ကောင်းသော သူငယ်ချင်းကို သူ့ထက်ပို၍ ကောင်းအောင်ကြိုးစားမည်ဟု စိတ်ထဲတွင် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ။

❖

mgyoe.com

mgyoe.com

# ကိုယ်ကျင့်တရား

- ကိုယ်ကျင့်တရား
- ကြီးငယ်မရွေး ကိုယ်ကျင့်တရားအထိန်းအကွပ်ရှိရန် လိုအပ်ပုံ
- ကိုယ်ကျင့်တရားဖြင့် ကောင်းကျိုးပြုနိုင်ပုံ သာဓကများ
- ကိုယ်ကျင့်တရားပျက်၍ အကျိုးယုတ်ပုံသာဓကများ
- ကိုယ်တွေ့ဖြစ်ရပ်တစ်ခု
- အဆိုအမိန့်များ
- မိမိအမြင်

mgyoe.com

# ကိုယ်ကျင့်တရား

နန်းအိမွန်

ကိုယ်ကျင့်တရားဟူသည် ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းမှု၊ အကျင့်သိက္ခာဟူ၍ မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး လက်ကိုင်ကျင့်သုံးအပ်သော အရာလည်းဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ကိုယ်ကျင့်တရားသည် ချမ်းမြေ့ကြည်နူးစရာကောင်းသော ကမ္ဘာကြီးကို စထိန်းချုပ်သော အထိန်းအကွပ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ့်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲစွာ ဝတ်ဆင်သင့်ပါသည်။

လူ့လောကတွင် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ အရွယ်သုံးပါးရှိပါသည်။ ထိုအရွယ်သုံးပါးစလုံးတွင် ကိုယ်ကျင့်တရား စောင့်ထိန်းရန် လိုအပ်ပါသည်။ ထို့ပြင် လူတန်းစားမရွေး၊ အဆင့်အတန်းမရွေး၊ လူအသီးသီးအတွက်လည်း ကိုယ်ကျင့်တရားသည် အရေးကြီးပါသည်။ ထို့ကြောင့် ကြီးငယ်မရွေး၊ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ ကိုယ်ကျင့်တရား အထိန်းအကွပ်ရှိမှသာလျှင် ကောင်းကျိုးချမ်းသာကို ရရှိနိုင်ပါသည်။

ကိုယ်ကျင့်တရားသည် အမှန်ပင် အရေးကြီးပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်မှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ အလျှင်အမြန် ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လာမည့်ဘဝအဆက်ဆက်တွင်လည်း ကောင်းရာသုဂတိဘုံသို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ ကိုယ်ကျင့်တရားမကောင်းသော သူတို့သည် လာမည့်ဘဝ၌ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံသို့ ကျရောက်မည်ဖြစ်ပါသည်။ လူ့ဘဝရောက်လျှင်လည်း ပြည့်စုံချမ်းသာသောသူ မဖြစ်နိုင်ပါ။

mgyoe.com

mgyoe.com


ကျွန်ုပ်တို့ငယ်စဉ်က သင်ခဲ့ရသော ရွှဲကုန်သည်နှင့် မိုက်သောရွှဲကုန်သည် သင်ခန်းစာတွင် ကိုယ်ကျင့်တရားရှိရန် လိုအပ်ပုံကို ဤကဲ့သို့ ရေးသားထားပါသည်။ အဘွားအိုတစ်ဦးနှင့် မြေးမလေးတစ်ယောက်တို့သည် အရိဋ္ဌပူရမြို့တွင် နေထိုင်ပါသည်။ ထိုအဘွားအိုသည် မိဘများလက်ထက်က ချမ်းသာကြွယ်ဝသူများဖြစ်ပြီး စီးပွားရေးပျက်ပြားခဲ့သောကြောင့် ဆင်းရဲခဲ့ရပါသည်။ ထိုမြေးအဘွားနှစ်ယောက်သည် ခွက်စုတ်တစ်လုံးကိုယူ၍ ရွှဲနှင့်လဲရန် ပြောပါသည်။ ထိုအခါ မိုက်သောလှည်းကုန်သည်သည် ထိုခွက်မှာ ရွှေခွက်မှန်းသိသော်လည်း လောဘကြီးသောကြောင့် ထိုခွက်ကို တန်ဖိုးမရှိဟု ပြောလိုက်သည်။ ထို့နောက် လိမ္မာသော ရွှဲကုန်သည်ရောက်လာပြီး ရွှေခွက်ဖြစ်ကြောင်းပြောပြ၍ သူ့ရှိသမျှ ရွှဲအားလုံးနှင့် လဲပါသည်။ ထိုလိမ္မာသော ရွှဲကုန်သည်သည် ကိုယ်ကျင့်တရားကောင်းသောကြောင့် ရွှေခွက်ကို ရလိုက်ပါသည်။

တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးတွင် တပည့်များစွာရှိပါသည်။ ဆရာကြီးတွင် ရုပ်ရည်ရူပကာ ချောမောလှပသော သမီးတော်တစ်ဦးလည်း ရှိပါသည်။ ထိုဆရာကြီးသည် သူ၏သမီးအတွက် ခင်ပွန်းကောင်း၊ ခင်ပွန်းမြတ်ကို ရွေးချယ်လို၍ အိမ်မှအဖိုးတန်ပစ္စည်းတို့ကို သူတစ်ပါးမသိအောင် အများဆုံးယူနိုင်သောတပည့်ကို သမီးနှင့်လက်ထပ်ပေးမည်ဟုပြောသည်။ ထိုအခါ တပည့်တို့သည် အိမ်သို့ပြန်၍ အဖိုးတန်ရတနာအသီးသီးတို့ကို ယူခဲ့ကြသည်။ သို့သော် တပည့်တစ်ဦးသည် 'ဆရာကြီး၏သမီးကို မြတ်နိုးသော်လည်း မိမိ၏ကိုယ်ကျင့်တရားကို ပို၍မြတ်နိုးသောကြောင့် ဆရာကြီးခိုင်းသည့်ကိစ္စကို မလုပ်နိုင်ပါ' ဟု ပြောပါသည်။ ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီးသည် ကျန်သည့်တပည့်များကို ပယ်၍ ကိုယ်ကျင့်တရား ကောင်းမွန်သော ထိုတပည့်ကို ဆရာကြီး၏သမီးနှင့် ထိမ်းမြားပေးလိုက်ပါသည်။

ကိုယ်ကျင့်တရားမရှိသော သူတို့သည် ပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးရာရောက်ပါသည်။ 'ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်' ဟူသော စကားပုံအတိုင်း ကိုယ်ကျင့်တရားမရှိသော သူတစ်ယောက်ကြောင့် သူတစ်ပါးကိုလည်း အကျိုးယုတ်ရပါသည်။ ကိုယ်ကျင့်တရား မရှိသောသူတို့ကို ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြန်၍ ပြုပြင်ပေးရပါမည်။ ပြုပြင်၍မရပါက ထိုသူများကို အဝေးမှ ရှောင်ရပါမည်။

ကိုယ်ကျင့်တရားပျက်၍ အကျိုးယုတ်ရပုံ သာဓကများစွာ ရှိပါသည်။ မိုက်သောရွှဲကုန်သည် ကိုယ်ကျင့်တရားမရှိသောကြောင့် ရွှေခွက်ကို မရလိုက်၍

mgyoe.com

mgyoe.com


လိမ္မာ သော ရွှဲကုန်သည်အား အော်ခေါ်ရင်း ရင်ကွဲပြီး သေဆုံးခဲ့လေသည်။ ထို့ပြင် ဒိသာ ပါမောက္ခဆရာကြီး၏ တပည့်များသည် ကိုယ်ကျင့်တရားကို အလေးမထား၊ ဆရာကြီး၏သမီးနှင့် ထိမ်းမြားရန်သာ အလေးထားသောကြောင့် မိမိမြတ်နိုးသော ဆရာကြီး၏သမီးကို ထိမ်းမြားခွင့်မရလိုက်ချေ။ ဤသာဓကကို ကြည့်ခြင်းအားဖြင့် ကိုယ်ကျင့်တရားမရှိသော သူတို့သည် ဆားဒုက္ခနှင့် ကြုံတွေ့ရပါသည်။

ကျွန်ုပ်တို့စာမေးပွဲဖြေရာတွင်လည်း စာများကို ကောင်းမွန်စွာရထားသော သူသည် စာမေးပွဲကို မုချဖြေဆိုနိုင်ပါလိမ့်မည်။ စာမေးပွဲမဖြေမီက သေချာမကျက်ထားဘဲ ပျင်းရိနေသူသည် စာမေးပွဲတွင် ဖြေဆိုနိုင်မည်မဟုတ်ပါ။ ကိုယ်ကျင့်တရားပျက်၍ ခိုးချပါလိမ့်မည်။ ထိုအချိန်တွင် ဆရာမြင်သွား၍ ကျောင်းအုပ်ကြီးရုံးခန်းသို့ ရောက်နေရပေလိမ့်မည်။ ထို့ပြင် ကျောင်းအုပ်ကြီး၏ ပြစ်ဒဏ်ပေးမှုကိုလည်း ခံရမည်ဖြစ်သည်။ ဤသည်ကိုကြည့်လျှင် ကိုယ်ကျင့်တရားပျက်ခြင်း၏ အကျိုးယုတ်ပုံကို သိနိုင်ပါသည်။

ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းရှိသော နိုင်ငံသည်သာလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်ပေသည်။ ဤသည်မှာ ခေါင်းဆောင်နှင့် နောက်လိုက်တို့သည် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းကြောင့်ဖြစ်သည်။

ကျွန်ုပ်နှင့်ကျွန်ုပ်၏ သူငယ်ချင်းစန္ဒီကျော်တို့သည် ကျောင်းဝန်းထဲတွင် ကစားရင်း ပိုက်ဆံအိတ်တစ်ခုကို တွေ့ပါသည်။ ထိုပိုက်ဆံအိတ်ကို ဖွင့်ကြည့်သောအခါ ပိုက်ဆံငါးထောင်ဝန်းကျင်ခန့်ကို တွေ့ရပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် အလျင်အမြန် ရုံးခန်းဆီသို့သွားပြီး ရုံးခန်းမှတစ်ဆင့် ပိုင်ရှင်ထံပြန်ပေးလိုက်ပါသည်။ ပိုင်ရှင်က ပိုက်ဆံအိတ်ပျောက်သွားသည်ကို အလွန်စိုးရိမ်မိ၍ ပြန်ပေးသောအခါ အလွန်ပင်ကျေးဇူးတင်ကြောင်း ပြောပါသည်။ အကယ်၍ ကျွန်ုပ်တို့ကဲ့သို့ ပိုက်ဆံအိတ်ပျောက်သွားခဲ့လျှင်လည်း ထိုကဲ့သို့ စိုးရိမ်မည်ဖြစ်ပါသည်။ ထို့ပြင် သူမ၏ ဝမ်းသာသောမျက်နှာကိုကြည့်၍ ကျွန်ုပ်တို့ အလွန်ပင် ကြည်နူးမိပါသည်။ ထို့ပြင် ဆရာမကလည်း ကိုယ်ကျင့်တရားကောင်းမွန်ဆုကို ကျွန်ုပ်တို့ရမည်ဖြစ်ကြောင်း ပြောပါသည်။

'ကိုယ့်ကျင့်တရားသည် အိုသည်အထိ ကောင်း၏' ဟူသော မြတ်ဗုဒ္ဓ၏ အဆိုအမိန့်အတိုင်း ကိုယ်ကျင့်တရားကို ငယ်စဉ်ကတည်းက ကောင်းမွန်အောင် လုပ်ထားပါက အိုသည်အထိ ဆက်လက်၍ ကောင်းမွန်ပါလိမ့်မည်။

'ဟုတ်သောအကြံ၊ မှန်သောအကျင့်

mgyoe.com

mgyoe.com

သင့်သောအယူ၊ ဖြူသောနှလုံး
သူတော်ထုံးကို

စွဲသုံးတော့တွေ၊ မှန်လှစေ' ဟူသော ရှင်မဟာဋ္ဌသာရ ဆုံးမစာကလည်း ကိုယ်ကျင့်တရားရှိရမည့်အကြောင်းကို ဖွင့်ဆိုထားပါသည်။ 'ရိုးရိုးကျင့် မြင့်မြင့်ကြံ' ဟူသော ဆောင်ပုဒ်သည်လည်း လူတိုင်းကိုယ်ကျင့်တရား ကောင်းမွန်စွာ ထားရမည်၊ စိတ်ထားမြင့်မြတ်ထားရမည်ကို ဖော်ပြနေသည်ပင် ဖြစ်သည်။ ထိုဆောင်ပုဒ် အဆိုအမိန့်တို့သည် ကိုယ်ကျင့်တရားကောင်းမွန်အောင် ထားရမည်ကို ပြောနေသည် ပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူ့ဘောင်လောကတွင် အရေးအကြီးဆုံးအရာမှာ ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။ ထိုကိုယ်ကျင့်တရားဖြင့် မိသားစုများ အေးချမ်းသာယာအောင် ပြုလုပ်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ကမ္ဘာအထိ ကိုယ်ကျင့်တရားကို စောင့်ထိန်းကြကာ အေးချမ်းသာယာလှပ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးဖြစ်အောင် ပြုလုပ်ကြရမည် ဖြစ်ပါတော့သည်။

❖

mgyoe.com

# ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင်

- စာဖတ်ဝါသနာပါပုံ
- ဂျာနယ်ဖတ်ရန် စိတ်ဝင်စားပုံ
- နှစ်သက်သောဂျာနယ်အမည်
- ပါဝင်သော ကဏ္ဍများ
- အပြင်အဆင်
- စိတ်တွင်စွဲထင်နေသော စာတစ်ပုဒ်
- ထိုဂျာနယ်ကို နှစ်သက်ရသည့်အကြောင်းများ
- ထိုဂျာနယ်နှင့်မိမိအမြင်

mgyoe.com

mgyoe.com


# ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင်

နန်းအိမွန်

အလိမ္မာစာမှာရှိဟူသော စကားပုံအတိုင်း စာဖတ်ခြင်းသည် အသိလိမ္မာကို တိုးပွားစေပါသည်။ ပညာဗဟုသုတကို များပြားစေပါသည်။ အသိဉာဏ်ကိုလည်း မြင့်မားစေပါသည်။ ထိုကဲ့သို့ အကျိုးကျေးဇူးများစွာ ရရှိသော စာဖတ်ခြင်းကို ကျွန်ုပ် သည် အလွန်ဝါသနာပါပါသည်။

ကျွန်ုပ်သည် စာဖတ်ဝါသနာပါသည့်အတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ ကာတွန်း၊ ဝတ္ထု၊ ရာဇဝင်စာအုပ်များ၊ စာစောင်များ စသည်တို့ကို ဖတ်ရသည်ကို စိတ်ဝင်စားပါသည်။ ထိုအထဲမှ ကျွန်ုပ်သည် ဂျာနယ်ဖတ်ရသည်ကို အလွန်ပင် စိတ်ဝင်စားပါသည်။ ကျွန်ုပ်တို့သည် ခေတ်နှင့်အမီလိုက်ရန်အတွက် ခေတ်ပြကြေးမုံသဖွယ် ဖြစ်သော ဂျာနယ်များကို ခုံမင်စွာဖြင့် ဖတ်ပါသည်။ ယနေ့ခေတ်တွင် ဂျာနယ် တစ်စောင်မှ မဖတ်လျှင် ခေတ်မမီဟူ၍ ပြောနိုင်ပါသည်။

ဂျာနယ်များစွာရှိသည့်အနက် ကျွန်ုပ်အကြိုက်ဆုံးနှင့် အနှစ်သက်ဆုံး ဂျာနယ်မှာ"7 DAY NEWS" ဂျာနယ်ဖြစ်ပါသည်။ "7 DAY NEWS" ဟူသော အမည်အတိုင်း တစ်ပတ်အတွင်း ဖြစ်ပျက်သမျှ မြန်မာ့သတင်း၊ ကမ္ဘာ့ သတင်းများကို စုံလင်စွာဖြင့် ဖော်ပြထားပါသည်။ ထိုဂျာနယ်ကို အပတ်စဉ် ကြာသာပတေးနေ့တိုင်း ထုတ်ဝေပါသည်။

"7 DAY NEWS" ဂျာနယ်တွင် ကဏ္ဍမျိုးစုံတို့ကို စုံလင်စွာဖြင့် ဝေဝေ ဆာဆာ ဖော်ပြထားပါသည်။ ပြည်တွင်းကဏ္ဍ၌ မြန်မာနိုင်ငံတွင် ဖြစ်ပျက်သမျှ သတင်းအဖုံဖုံတို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများ

mgyoe.com

အားလုံး လက်ကိုင်ထားရမည့်မို့ တို့တာဝန်အရေးသုံးပါး၊ ပြည်သူ့သဘောထား၊ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်တို့ကို ဖော်ပြထားပါသည်။ ပညာရေးကဏ္ဍလည်း ဖော်ပြထားသဖြင့် ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများအတွက်သာမက အဆင့်မြင့်ပညာများကို သင်ကြားနေသော အစ်ကိုကြီး အစ်မကြီးများအတွက်လည်း အကျိုးရှိပါသည်။

လူသုံးကုန်ပစ္စည်း ကဏ္ဍတွင် အိမ်ဆောက်ပစ္စည်းဈေးနှုန်း၊ စားဖိုဆောင်သီးနှံဈေးနှုန်း၊ သားငါးဈေးနှုန်း၊ စားသောက်ကုန်ဈေးနှုန်း၊ လျှပ်စစ်ပစ္စည်းဈေးနှုန်းများ စသည်တို့ကို မဝယ်ခင်တွင် ကြိုတင်၍လေ့လာနိုင်ရန် ဖော်ပြထားပါသည်။ နည်းပညာကဏ္ဍတွင် ခေတ်မီပစ္စည်းအသစ်အဆန်းများ၊ ကွန်ပြူတာများအကြောင်းတို့ကို ဖော်ပြထားပါသည်။ ထို့ပြင် ပြည်ပနိုင်ငံများတွင် ဖြစ်ပျက်နေသော သတင်းများကို စုံလင်စွာ ဖော်ပြထားပါသည်။

"7 DAY NEWS" ဂျာနယ်တွင် အားကစားမှ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ၊ တင်းနစ်ပွဲ၊ ရေကူးပွဲ၊ ဘတ်စကတ်ဘောပွဲများအကြောင်းကို စုံစုံလင်လင် ဖော်ပြထားပါသည်။ နိုင်ငံတော်အစိုးရက လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးလုပ်ငန်းများ စသည်တို့ ပြုလုပ်သည်ကိုလည်း ဝေဝေဆာဆာဖြင့် ဖော်ပြထားပါသည်။ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးပညာပေးသတင်းများကို ရေးသားထားပါသည်။ ထိုဂျာနယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆောင်းပါးများလည်း ပါပါသည်။ ထို့ပြင် နာမည်ကြီးစားသောက်ဆိုင်များမှ ဟင်းလျာများကိုလည်း စားချင်စဖွယ်ပြသထားပါသည်။ ဟင်းလျာချက် ပြုတ်နည်းများကိုလည်း ဖော်ပြရသဖြင့် ကျွန်ုပ်သည် မေမေ့ကို ချက်ခိုင်းရပေါင်း မနည်းတော့ပါ။ နောက်ဆုံးပေါ်ခေတ်မီဒီဇိုင်းအင်္ကျီတို့ကိုလည်း ဖော်ပြထားပါသည်။

ကုန်ပစ္စည်းမျိုးစုံတို့အကြောင်းကိုလည်း သိရှိရန်အတွက် ကြော်ငြာများကိုလည်း ဝေဝေဆာဆာ ဖော်ပြထားပါသည်။ ထို့ပြင် စာအုပ်စာပေတို့ကို နှစ်သက်သူများအတွက် နောက်ဆုံးထွက်သည့် စာအုပ်များကို ဖော်ပြထားပါသည်။ ဆောင်းပါးများကိုလည်း ဖော်ပြထားပါသည်။ ဟာဒယပြုံးရွှင်စေသော ကာတွန်းကလေးများသည် မောပန်းမှုများကို ပြေပျောက်စေနိုင်ပါသည်။ ထို့ပြင် စံဇာတ်ဘို၏ တစ်ပတ်တာကံကြမ္မာများလည်း ပါရှိသဖြင့် ဗေဒင်များမေးရန်မလိုဘဲ ဂျာနယ်မှသာ ဖတ်ရှုနိုင်ပါသည်။ တစ်ခါတစ်ရံတွင် အထူးထုတ်စာမျက်နှာများ ပါရှိပါသည်။

"7 DAY NEWS" ဂျာနယ်၏ လက်ဝဲဘက်ထိပ်ထောင့်တွင် "7"

mgyoe.com

ဟူသော စာလုံးကို ပေါ်လွင်ထင်ရှားစေရန် အနီရောင်ဖြင့် ဖော်ပြပြီး "DAY NEWS" ဟူသော စာလုံးကို အပြာရောင်ဖြင့် ဖော်ပြထားပါသည်။ ယင်းစာလုံးပေါ်တွင် "၇ ရက် သတင်းဂျာနယ်" ဟူသောစာလုံးကို အစိမ်းရောင်ဖြင့် ဖော်ပြထားပါသည်။ "7 DAY NEWS" ဟူသော စကားလုံး၏ အောက်တွဲအနီရောင်မျဉ်းတန်းထဲ၌ အတွဲ၊ အမှတ်၊ စတင်တည်ထောင်သည့် ခုနှစ်၊ လ၊ ရက်၊ ထွက်သည့် ခုနှစ်၊ လ၊ ရက်တို့ကို ဖော်ပြထားပါသည်။ အထဲရှိ စာရွက်များ၏ထိပ်တွင် ကဏ္ဍခေါင်းစဉ်များကို ဖော်ပြထားပါသည်။ ထိုဂျာနယ်၏ စာရွက်အများစုမှာ ရောင်စုံစာမျက်နှာများ ဖြစ်ပါသည်။

ကျွန်ုပ်တို့မိသားစုသည် "7 DAY NEWS" ဂျာနယ်ကို အပတ်စဉ် ဝယ်ယူဖတ်ရှုသည့်အတွက် ကဏ္ဍမျိုးစုံနှင့် ထိုကဏ္ဍများထဲမှ စာမျိုးစုံကိုလည်း သိရှိရပါသည်။ ထိုကဏ္ဍမျိုးစုံထဲမှ ပညာပေးဆောင်းပါးဟူသော ကဏ္ဍရှိ ဥယျာဉ်မှူးဟူသောဆောင်းပါးကို စိတ်တွင်စွဲထင်နေပါသည်။ ထိုဆောင်းပါးသည် မူလတန်းကျောင်းဆရာများ၊ မိဘများကို ဥယျာဉ်မှူးနှင့် တင်စားထားပါသည်။ အပင်ငယ်ကလေးများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်မှသာ ဆက်လက်ရှင်သန်ကြီးထွားနိုင်မည်။ ထိုကဲ့သို့ပင် ကလေးများငယ်စဉ်အခါတွင် လမ်းမှန်ရောက်စေရန် သွန်သင်ဆုံးမပေးသူမှာ မူလတန်း ကျောင်းဆရာများနှင့် မိဘများပင် ဖြစ်ပါသည်။ ထိုသူများသည် ကလေးများ၏ ဘဝဖြောင့်ဖြူးရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုကဲ့သို့ ဆောင်းပါးများသည် မူလတန်း ကျောင်းဆရာများ၊ မိဘများအား နုနယ်ပျိုမြစ်၍ အမှားအမှန်ကို ခွဲခြား၍မသိသေးသော ကလေးငယ်များကို သွန်သင်ဆုံးမနိုင်ရန် လမ်းညွှန်ပေးပါသည်။

"7 DAY NEWS" ဂျာနယ်၏ဈေးနှုန်းမှာ ၄၅၀ကျပ်ဖြစ်သဖြင့် ဈေးမကြီးလွန်းဘဲ အတော်အသင့်သာ ဖြစ်ပါသည်။ ထို့ပြင် အနီးအနားရှိ စာအုပ်ဆိုင်တိုင်းတွင်လည်း အလွယ်တကူ ဝယ်ယူ၍ ဖတ်ရှုနိုင်ပါသည်။ ကုန်ပစ္စည်းများ၏ ဈေးနှုန်းတို့ကို ဖော်ပြထားသဖြင့် ဖေဖေနှင့်မေမေတို့သည် ပစ္စည်းများ၏ ဈေးနှုန်းများကို မဝယ်မီ စုံစမ်းသိရှိနိုင်ပါသည်။ ဆောင်းပါးများသည်လည်း အသိပညာ၊ အတွေးအခေါ်တို့ကို ရင့်သန်လာစေပါသည်။ "7 DAY NEWS" ဂျာနယ်သည် ကမ္ဘာ့တစ်ဝှမ်းတွင် ဖြစ်ပျက်နေသမျှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသောသတင်းများကို ဖော်ပြထားသဖြင့် ကျွန်ုပ်သည် အလွန်ပင်နှစ်သက်ပါသည်။

"7 DAY NEWS" ဂျာနယ်အကြောင်း ရေးမည်ဆိုလျှင် ရေး၍ပြီးမည်

mgyoe.com

mgyoe.com


မဟုတ်ပါတော့ချေ။ ထိုမျှလောက် စိတ်ဝင်စားဖွယ်ကောင်းသော ဂျာနယ်ကို ကျွန်ုပ်သည် မဖတ်ရပါလျှင် ကမ္ဘာကြီးနှင့် ကျွန်ုပ်၏အမိနိုင်ငံတော်တွင် မည်သို့ဖြစ်ပျက်နေသည်ကို သိမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်အနှစ်သက်ဆုံး ဂျာနယ်ဖြစ်သော "7 DAY NEWS" ဂျာနယ်ကို အပတ်စဉ်မပြတ် ဝယ်ယူ၍ ဖတ်ရှုမိပါတော့သည်။ ။

❖

mgyoe.com

mgyoe.com


# အကျွန်ုပ်မေမေ

- မေမေ့အကြောင်းတွေးမိတိုင်း ကျေးဇူးကို သတိရပုံ
- မေမေ့အမည်၊ အသက်၊ အလုပ်အကိုင်၊ ပုံပန်း
- စိတ်ထားနှင့်ဝါသနာ
- မိသားစုကို ထိန်းသိမ်းစောင့်ရှောက်ပုံ
- မေမေနှင့်မိသားစုဆက်ဆံရေး
- မိမိနှင့်ဆက်ဆံရေး
- အမှတ်တရဖြစ်ရပ်တစ်ခု
- မေမေ့မေတ္တာနှင့်ကျေးဇူး
- မိမိခံစားမှုနှင့် အမြင်

mgyoe.com

mgyee.com

## အကျွန်ုပ်မေမေ

နန်းအိမွန်

'ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်' အရွယ်မှစ၍ ပြုစုပျိုးထောင်ပေးခဲ့သော မေမေ့အကြောင်းကိုတွေးမိတိုင်း မေမေ၏များစွာသော ကျေးဇူးတို့ကို အောက်မေ့သတိရမိပါသည်။ မေမေ၏ကျေးဇူးမှာ များလွန်း၍ ဆပ်လျှင်ကုန်မည်မဟုတ်ပါ။ ပြောလျှင်လည်း ကုန်မည်မဟုတ်ပါ။ ရေတွက်မည်ဆိုလျှင်လည်း မပြီးနိုင်ပါ။ ထို့ကြောင့် မေမေသည် ကမ္ဘာပေါ်တွင် ကျေးဇူးအကြီးမားဆုံးသူဟု ပြောလျှင်လည်း မမှားပါ။

မေမေ၏အမည်မှာ နန်းစန္ဒာဝင်းဖြစ်ပါသည်။ မေမေ၏စိတ်နှင့်မျက်နှာသည် အမည်နှင့်လိုက်အောင်ပင် စန္ဒာလမင်းကြီးသကဲ့သို့ အေးမြ၍ဝင်းပနေပါသည်။ ထို့ကြောင့် မေမေ၏မိဘ၊ မိတ်ဆွေ၊ သူငယ်ချင်းများက မေမေ့ကို စန္ဒာဟူ၍ အတိုကောက်ခေါ်ပါသည်။ ပအိုဝ့်သွေးပါသောကြောင့် 'နန်း' ဟူ၍ထည့်ထားခြင်း ဖြစ်ပါသည်။

မေမေသည် အသက်လေးဆယ့်သုံးနှစ် ရှိပြီဖြစ်ပါသည်။ သို့သော် မေမေ့ကိုကြည့်လိုက်လျှင် အသက်သုံးဆယ့်သုံးနှစ်ဟူ၍ ထင်ရလောက်အောင်ပင် ဆယ်နှစ်ငယ်၍ နုပျိုနေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မေမေ၏စိတ်ထားသည် မွန်မြတ်ပြည့်စုံခြင်းကြောင့်ပင် ဖြစ်ပါသည်။

မေမေသည် ဘီအေ (အင်္ဂလိပ်စာဘွဲ့)ကို ရရှိထားသူဖြစ်ပါသည်။ ထို့ကြောင့် မေမေအလုပ်လုပ်လျှင် ငွေကြေးများစွာကို ရရှိနိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့စာသင်ရန်၊ ပြုစုစောင့်ရှောက်ရန်အတွက် အိမ်ရှင်မဘဝနှင့်သာ နေပါသည်။

mgyee.com

mgyoe.com

မေမေသည် အသားဖြူပါသည်။ အရပ်အနည်းငယ်ပုပြီး အနည်းငယ်ဝပါ သည်။ မေမေ၏မျက်နှာမှာ အနည်းငယ်ကြီးပါသည်။ မေမေ၏ ဆံပင်မှာ ပခုံးအထိ ရှည်ပြီး ဆံပင်ကိုစည်းထားပါသည်။ မေမေသည် မည်သည့်အချိန်တွင်မဆို ကြည့် လိုက်လျှင် ချောမောလှပနေပါသည်။

မေမေ၏စိတ်ထားမှာ ဝါဂွမ်းကဲ့သို့ ဖြူစင်ပါသည်။ ဆီထိသောဝါဂွမ်းပမာ နူးညံ့ပါသည်။ ရေသန့်ကဲ့သို့ သန့်ရှင်းစင်ကြယ်ပါသည်။ စမ်းရေပမာ အေးမြပါ သည်။ မေမေသည် အလှူအတန်းလည်း ရက်ရောပါသည်။ သူတစ်ပါးကိုလည်း ကိုယ်ချင်းစာစိတ်ရှိပါသည်။ ဘာသာရေးတရားလည်း ကိုင်းရှိုင်းပါသည်။ မေမေ၏ ဝါသနာများမှာ ဇာထိုးပန်းထိုးခြင်း၊ အင်္ကျီချုပ်ခြင်း၊ ဟင်းချက်ခြင်းတို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အိမ်ရှေ့စားပွဲ၊ တယ်လီဖုံးခုံ၊ ဆိုဖာများပေါ်တွင် မေမေ့လက်ရာ များဖြစ်သော ပန်းထိုးဇာများကို လှပသပ်ရပ်စွာ ခင်းထားပါသည်။ ကျွန်ုပ်တို့ ဝတ်ဆင်ထားသော အင်္ကျီများမှာ မေမေချုပ်ပေးသော အင်္ကျီများသာ အများစုဖြစ်ပါ သည်။ ထို့ပြင် မေမေချက်သောဟင်းလျာများမှာ ကောင်းလွန်းသောကြောင့် မသိ သောသူ စားလိုက်လျှင် ကမ္ဘာကျော်စာဖိုမှူးကြီး ချက်သည်ဟူ၍ပင် ထင်ကြပါလိမ့် မည်။

မေမေသည် ကျွန်ုပ်တို့ မိသားစုကို ကောင်းစွာထိန်းသိမ်း စောင့်ရှောက်နိုင် သော အိမ်ရှင်မတစ်ဦး ဖြစ်ပါသည်။ တာဝန်ကျေပွန်သော မိခင်တစ်ဦးလည်း ဖြစ်ပါ သည်။ မေမေသည် အိမ်ကို အမြဲတစေ သန့်ရှင်းသပ်ရပ်လှပအောင် ထားပါသည်။ တံမြက်စည်းလည်း နေ့စဉ်နေ့တိုင်း လှည်းပါသည်။ စာများကိုလည်း သင်္ချာမှအပ အားလုံးကို နားလည်အောင်၊ စိတ်ရှည်စွာဖြင့် သင်ကြားပြသပေးပါသည်။ မေမေသည် အလုပ်ပင်မလုပ်သော်ငြားလည်း သန့်ရှင်းရေးလုပ်သည့်အလုပ်၊ ဟင်းချက်သည့် အလုပ်၊ ကျွန်ုပ်တို့ကို စာသင်ကြားပြသပေးသည့် အလုပ်တို့ဖြင့် မအားမလပ်နိုင်အောင်ပင် ရှိပါသည်။ သို့သော် မေမေသည် တစ်ချက်မျှပင် ညည်း ညူခြင်းမရှိပါ။

မေမေသည် ဖေဖေ့ကို ရိုသေလေးစားစွာဖြင့် ဆက်ဆံပါသည်။ သားသမီး များကိုလည်း ချိန်ခွင်ကဲ့သို့ မျှတစွာ တန်းတူညီတူ ချစ်ပါသည်။ အားလုံးကိုလည်း မေမေကပင် အနစ်နာခံ၍ လုပ်ဆောင်ပေးပါသည်။ နေမကောင်းဖြစ်လျှင် စိတ်ပူ၍ ကိုယ်တိုင်ပြုစု စောင့်ရှောက်ပေးပါသည်။

မေမေသည် ကျွန်ုပ်တို့ကို ဘာသာရေးကိုင်းရှိုင်းဇာတ်အောင် သင်ကြားပေး ပါသည်။ ယဉ်ကျေးလိမ္မာလာစေရန်လည်း ပုံပြင်ကလေးများဖြင့် ဆုံးမပေးပါသည်။

mgyoe.com

mgyee.com


ထို့ပြင် ကျွန်ုပ်တို့ကို ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများသို့လည်း ပို့ပေးပါသည်။ စိတ်ကောင်းထားရန်လည်း ပြောပါသည်။

စည်းကမ်းရှိရန်လည်း ဆုံးမသွန်သင်ပေးပါသည်။ ရောဂါများ မဖြစ်ပွားအောင် ကာကွယ်နည်းများကိုလည်း ပြောပြပါသည်။ စကားလုံးကိုလည်း ချိုသာစွာပြောရန် သင်ပေးပါသည်။ စာတော်ရန်အတွက်လည်း ငယ်စဉ်မှစ၍ စာများကို အနီးကပ် သင်ကြားပေးပါသည်။ အင်္ဂလိပ်စာတော်ရန်အတွက်လည်း ငယ်စဉ်ကတည်းက သင်ကြားပေးပါသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ထူးချွန်စာမေးပွဲတွင် ဆုရကြောင်း သိရသည်။ ကျွန်ုပ်သည် အိမ်ရောက်သောအခါ မည်သူ့ကိုမျှမပြောဘဲ ညဘက်ရောက်သည့်အခါမှ အံ့သြသွားအောင် ပြောမည်ဟု စိတ်ကူးထားပါသည်။ သို့သော် ကျွန်ုပ်၏ စိတ်ကူး ပျက်သွားပါသည်။ အဘယ့်ကြောင့်ဆိုသော် မေမေက ကျွန်ုပ်ကို ဆုအကြောင်း မေးပါသည်။ ထိုအခါ ကျွန်ုပ်က ဆုရကြောင်း ပြန်ဖြေလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်ကို မျက်စိမှိတ်ခိုင်းပြီး အထုပ်ကလေးတစ်ထုပ် ပေးပါသည်။ ကျွန်ုပ်က မျက်စိဖွင့်ပြီး အထုပ်ကလေးကို ဖြေကြည့်လိုက်ပါသည်။ ထိုအထဲတွင် အလွန်လှပပြီး ပန်းပွင့်ကလေးများထိုးထားသော ရင်ဖုံးကျောင်းအင်္ကျီကလေးနှင့် ထဘီကလေးကို တွေ့ရပါသည်။ ထို့နောက် မေမေက မေမေကိုယ်တိုင်ချုပ်ပြီး ပန်းပွင့်ကလေးများကိုလည်း ကိုယ်တိုင်ပင်ထိုးထားကြောင်းပြောပြ၍ ကျွန်ုပ်သည် အလွန်ပင် အံ့သြသွားပါသည်။ ထိုအင်္ကျီကလေးနှင့် ထဘီကလေးကို ဆုပေးပွဲတွင် ဝတ်ရန်အတွက် ချုပ်ပေးထားကြောင်း ပြောပြပါသည်။

မေမေ၏ မေတ္တာ၊ စေတနာတို့မှာ ပြော၍မကုန် ယူ၍မခန်းသော မေတ္တာစေတနာများပင် ဖြစ်ပါသည်။ မေမေ၏ မေတ္တာအရိပ်သည် သစ်ပင်အရိပ်၊ ဆွေမျိုးအရိပ်တို့ထက် များစွာပို၍ အေးမြပါသည်။ မေမေ၏ မေတ္တာနှင့် ကျေးဇူးတို့သည် ကြီးမားလွန်းလှ၍ မြတ်စွာဘုရားပင်လျှင် မွေးမိခင်ကို ကျေးဇူးဆပ်ရန် မယ်တော်မိနတ်သားရှိရာ တာဝတိံသာနတ်ပြည်သို့ သွားရောက်ပြီး တရားဟောပါသည်။

မေမေ၏ မေတ္တာနှင့် ကျေးဇူးတရားတို့မှာ ကြီးမားလွန်းလှ၍ စကြဝဠာကြီးနှင့် နှိုင်းယှဉ်လိုက်ပါလျှင် စကြဝဠာကြီးသည် ဆီးရွက်ခန့်ပမာ သေးငယ်သွားပါမည်။ မြင်းမိုရ်တောင်ကြီးကိုလည်း မေမေ၏ မေတ္တာနှင့် နှိုင်းယှဉ်ကြည့်ပါက ပေါက်ခါစ နှမ်းချိုပမာ သေးငယ်သွားပါမည်။ မဟာသမုဒ္ဒရာကြီးနှင့် နှိုင်းယှဉ်ပါလျှင် မဟာသမုဒ္ဒရာကြီးပင်လျှင် နွားခြေရာခွက်ထဲမှ ရေကဲ့သို့ နည်းပါးသွားပေလိမ့်မည်။ မေမေ့ မေတ္တာတရားနှင့် ကျေးဇူးတရားတို့ကို ဤမဟာပထဝီမြေကြီးနှင့် နှိုင်းစာလိုက်ပါ

mgyee.com

mgyoe.com

လျှင် ဤမဟာပထဝီမြေကြီးပင်လျှင် ဝါးရွက်ခန့်မျှ ပါးလွှာသွားပါလိမ့်မည်။

ဤမျှလောက်အထိ ကျေးဇူးကြီးမားသော မေမေ မေတ္တာ စေတနာကြီးမားလှသော မေမေ၊ ကျွန်ုပ်တို့ကို လိမ္မာယဉ်ကျေးစေရန် သင်ကြားပေးသော မေမေ၊ တာဝန်ကျေပွန်သောမေမေ၊ စာသင်ကြားပေးသော မေမေကို ကျွန်ုပ်သည် လက်စုံမိုး၍ ရှိခိုးကန်တော့ကာ နှိုက်ဂုံးချုပ်အပ်ပါတော့သည်။ ။

mgyoe.com

mgyee.com

# မိုးရွာသောနေ့တစ်နေ့

နန်းအိမွန်

မိုးရာသီမရောက်မီ နွေရာသီတွင် ပတ်ဝန်းကျင်၌ မြင်မြင်သမျှ ပူအိုက်ခြောက်သွေ့နေကြသည်။ တိုက်ခတ်သောလေများသည်လည်း လေအေးများမဟုတ်ဘဲ လေပူများသာ ဖြစ်ပါသည်။ သူရိယနေမင်းကြီးသည်လည်း ရောင်ခြည်တစ်ထောင် အလင်းရောင်ဖြင့် ကမ္ဘာလောကကြီးကို ပူပြင်းအောင် လုပ်လျက်နေပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံဧရိယာအများစုသည် အပူပိုင်းဇုန်တွင် ကျရောက်၍ အလွန်အမင်း ပူပြင်းလှပါသည်။

ထိုကဲ့သို့ ပူပြင်းလှသော နွေရာသီအပြီး မိုးရာသီရောက်ချိန်တွင် တောင်ဘက်အရပ်မှ မိုးသက်လေကလေးက တိုက်ခတ်လာသည်။ တိမ်ညိုမြိုလွှာ၊ တိမ်စုကာနှင့် တိမ်ပြာရေယှက် မရန်းဘက်၍လည်း တည်ရှိနေကြသည်။ ရှင်ဥတ္တမကျော်၏ –

"တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့
ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ
မှုန်ခဲ့တစ်ချက်

ယုဂန်ထက်ကလေးဖက်လုံးခြုံ" ဟူသော တောလားအတိုင်း တိမ်များသည် အရောင်အသွေးစုံလင်စွာဖြင့် တည်ရှိနေပါသည်။

နွေရာသီတွင် တိမ်ကင်းစင်နေ၍ ယခုမိုးရာသီ၌ တိမ်များ မည်းမှောင်နေလေပြီဖြစ်သည်။ ကောင်းကင်ခွင်တွင် နေမင်းကြီးပင် အရှုံးပေး၍ တိမ်တိုက်တို့က

mgyee.com

mgyoe.com


နေရာယူနေပါပြီ။ လေနတ်သားကလည်း လေကို အပြင်းမှုတ်ထုတ်နေပါသည်။ တိမ် အလိပ်ကြီးသည်လည်း မည်းမှောင်နေပြီး ကောင်းကင်၌ အပြည့်ပင်ဖြစ်သည်။ 'ပြာရီ မှိုင်းကာမို့မို့၊ ညို့ညို့လွင်လွင်၊ ညင်းလေပြည်သွေးလို့သာ ------' ဟူသော မြို့မငြိမ်း၏ တိမ်လွှာမို့မို့လွင် သီချင်းလေးကို ဆိုနေမိပါသည်။ ဂဠုန်ရုပ်တိမ်နှင့် နဂါးရုပ်တိမ်တို့သည်လည်း ခိုးငွေ့များလွှတ်ကာ ဂုဏ်ချင်းဆိုင်နေကြသည်။

ထို့နောက် ကောင်းကင်ပေါ်မှ မိုးရေစက်ကလေးသည် ကြွပ်ကြွပ်ပူနေသော မဟာပထဝီမြေကြီးပေါ်သို့ ကျသွားသည်။ ပုလဲလုံးကလေးများ မြေကြီးပေါ်သို့ ကျလာသည်နှယ် မိုးစက်မိုးပေါက်များကျလာသည်။ ထို့နောက် ပုလဲဥကလေးများ သစ်ရွက်တွင် တွဲလဲခိုနေသည်။ မိုးရေများသည် အဆက်မပြတ် ကောင်းကင်မှ အမြောက်ဖြင့် ပစ်သကဲ့သို့ ကျဆင်းလာသည်။ ထိုမိုးများသည် တဖြည်းဖြည်း ပို၍ ပို၍ သည်းထန်လာသည်။

ကောင်းကင်ယံတွင်လည်း တိမ်မည်းတိမ်နက်များဖြင့် ပြည့်နှက်နေသည်။ ထိုတိမ်မည်းတို့ကြားဝယ် ပြိုးပြိုးပြက်ပြက် လျှပ်စီးကလေး လက်ပြီးနောက် ကျယ်လောင်လှသော မိုးခြိမ်းသံကို ကြားရပါသည်။ ထို့နောက် လောကတစ်ခွင်လုံးလည်း မည်းမှောင်နေပါသည်။ မင်တုံးမင်ခဲရောင် တိမ်ဆိုင်တိမ်တိုက်ကြီးက ကောင်းကင်တွင် မင်းမူနေလေသည်။ ခဲသားနှစ်ရောင်တိမ်တိုက်ကြီးများက ပြည့်နှက်နေသည်မှာ ပူဆွေးရမလိုလို၊ ဝမ်းသာရမလိုလို ဖြစ်နေပါသည်။ မိုးနတ်သားကလည်း ကောင်းကင်တွင် ထင်တိုင်းကြဲနေပါသည်။

ကလေးငယ်များသည်လည်း ပျော်ရွှင်၍ 'မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်' ဟူ၍ ပျော်ရွှင်မြူးထူးစွာဖြင့် အော်ဟစ်နေကြပါသည်။ အပင်တို့သည်လည်း ဘယ်ယိမ်းညာနွဲ့ကာဖြင့် မိုးကို ကြိုဆိုနေကြပါသည်။ မိုးရာသီပန်းများဖြစ်ကြသော –

"မုလေး၊ ခတ္တာနှင့်

ရွှေရင်းမာ

ကြာ၊ ခဝဲ

ဖွဲ့စနှင့်လျှံ" ဟူသော ပန်းများကလည်း ဖူးပွင့်လျက်ရှိနေပါသည်။ မိုးရွာချိန်တွင် မြက်ပင်ကလေးများ စိမ်းစိုလာ၍ သစ်ပင်၊ သစ်တောများသည်လည်း စိမ်းဖန့်ဖန့် အရောင် သစ်ရွက်တို့ဖြင့်လည်း စိုပြည်လန်းဆန်းလာပါသည်။

မိုးရွာသီအစတွင် ကျောင်းသားကျောင်းသူများသည် မိခင်ကျောင်းတော်ကြီးဆီသို့ ကျောင်းမဖွင့်မီကပင် မိဘများဝယ်ပေးထားသော လွယ်အိတ်သစ်၊

mgyoe.com

mgyoe.com


ကျောင်း ဝတ်စုံသစ်၊ စာရေးကိရိယာအသစ်များဖြင့် ထီးကလေးအသစ်ကို ဆောင်းကာ ဦးတည်၍သွားနေသည်မှာ နိုင်ငံတော်၏ အားတက်ဖွယ်မြင်ကွင်းပင် ဖြစ်ပါတော့သည်။ မိုးထဲ ရေထဲတွင် ကျောင်းဆင်း၊ ကျောင်းတက်လုပ်နေကြပါသည်။

နွေရာသီတွင် ပူပြင်းခြောက်သွေ့နေသော မြစ်ရေ၊ ချောင်းရေတို့သည် မိုးရွာပြီးနောက် ပြည့်လျှံနေကြသည်။ အင်း၊ အိုင်များတို့တွင်လည်း ရေပြည့်စမြဲ ဖြစ်သည်။ ကိုတင်ငါတို့သည်လည်း သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် သက်စွန့်ဆံဖျား အလုပ်လုပ်နေကြပါသည်။ လူအသီးသီးတို့သည် မိုးရွာသည့်အတွက် အိမ်ထဲတွင် ခွေမနေအားဘဲ အလုပ်လုပ်နေကြရသည်။ ဖားများသည်လည်း မြစ်ချောင်းများအနီးဝယ် 'အုံးအွမ်၊ အုံးအွမ်' ဟူ၍ အော်နေကြပါသည်။

မိုးရွာသောနေ့တွင် မြန်မာပြည်သူပြည်သားတို့၏ အသက်သခင်ဖြစ်သော တောင်သူလယ်သမားတို့ ထွန်တုံးကိုပြင်နေကြပြီဖြစ်သည်။ 'မိုးရွာမှပျိုးသာ၊ မိုးမှန်မှပျိုးသန်' မည်ဖြစ်သောကြောင့် လူသူအများအပြား ဝမ်းသာနှစ်ခြိုက်ကြပါသည်။

"ဝသန်ကာလ၊ မိုးကျတည့်လျှင်

ပျော်ပျော်ပါးပါးမယားနှင့်ဆွေငယ်လင်

လက်တွဲငယ်ခြေငင်" ဟု ဝန်ကြီးပဒေသရာဇာက မိုးသရုပ်ကို တျာချင်းဖွဲ့ခဲ့သည့်အတိုင်း မိုးရွာသောနေ့တွင် လယ်သမားဇနီးမောင်နှံတို့ လက်တွဲငယ်ခြေငင်ပြီး ပျော်ပျော်ပါးပါးဖြင့် လယ်ကွက်ကို ထွန်ရေးငင်နေကြပါသည်။ မကြာမီတွင် လယ်ကွက်အသီးသီး၌ ကောက်ပင်သီးနှံများ စိမ်းလန်းဝေဆာလာတော့မည် ဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကအစားအစာဖြစ်သဖြင့် တောင်သူဦးကြီးတို့သည် မိုးရွာထဲတွင် ချွေးတစ်လုံးလုံးဖြင့် အလုပ်လုပ်၍ မိုးရေများက ထိုချွေးများကို ဆေးပေးကြပါသည်။

ပူအိုက်လှသောနွေရာသီကို ဖြတ်ကျော်လာပြီး မိုးရွာသောနေ့ ရောက်လာချိန်တွင် အလွန်ပင် အေးမြလန်းဆန်းသွားပါသည်။ နွေရာသီတွင် မိတ်ဖုများ ပေါက်နေသည်မှာ မိုးရွာထဲ ထွက်လိုက်၍ ပျောက်သွားပါသည်။ နွေရာသီတွင် ဖုန်ထောင်းထောင်းထခဲ့သော ဖုန်မှုန့်ကလေးများသည် မိုးရွာသောနေ့၌ စိုစွတ်သွား၍ မြေသင်းရနံ့များ သင်းပျံ့လာပါသည်။ နွေရာသီ၌ အရိုးအပြိုင်းပြိုင်းထနေသော သစ်ပင်ကလေးများသည် မိုးရွာသောနေ့တွင် စိမ်းလန်းစိုပြည်လာခဲ့သည်။ ယနေ့ဖျန်းပက်ခဲ့သော မိုးလေကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေခဲ့ပြီး စိတ်အေးချမ်းသာမှုကိုလည်း ပေးစွမ်းနိုင်ပါသည်။ ထိုကဲ့သို့ စိတ်ချမ်းသာမှုများကို ပေးနိုင်သည့် မိုးရွာသောနေ့ များစွာရှိပါစေဟု ဆုတောင်းနေမိပါတော့သည်။

mgyoe.com